# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် ဧပြီလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၃၄)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်၊ ၂-၁-၂၀၂၅၊ ကြာသပတေးနေ့ ။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်


၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံအား ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ပည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင်အဆောက်အအုံ ဆိုင်းဘုတ်တို့အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

## သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့်အထိမ်းအမှတ်အခမ်းအနား ကျင်းပ

### ကုန်စည်ပို့ဆောင်ရေးအတွက်လိုအပ်မည့် ဈေးကွက်ဝင်၊ စီးပွားရေးတွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင်ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၁

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြော ကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စု အဆင့်ပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ် ဌာနချုပ်တိုင်းမှူး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှတာဝန်ရှိ သူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီး ချုပ်နှင့် အဖွဲ့ဝင်များသည် ဒလသင်္ဘောကျင်းသို့ ရောက်ရှိကြရာ ဒလ သင်္ဘောကျင်းမှ မိသားစုဝင် ကလေးငယ်လေးများက ကြိုဆိုနှုတ်ဆက် ကြသည်။


စာမျက်နှာ ၃ သို့ »»


**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်**

နေပြည်တော် ဇန်နဝါရီ ၁

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၂ ရက် ၊ ကြာသပတေးနေ့ ။

မန္တလေး နေ့စဉ်

# ထူးခြားမှုအပေါင်း သရုပ်ဆောင်သော ပြာသိုလ

လူတိုင်းသည် အေးမြမှုကို နှစ်သက်ကြသည်။ အေးမြစေဖို့လည်းဖန်တီးကြသည်။ ဆောင်းရာသီသည် အေးမြခြောက်သွေ့မှုကြောင့် သွားလာလှုပ်ရှားရာတွင် အဆင်ပြေသည်။ ပွဲလမ်းသဘင်များ ကျင်းပကြသည်။

အားကစားလှုပ်ရှားမှုများ ဆောင်ရွက်ကြသည်။ အေးချမ်းသာယာမှုသည် လူတိုင်းကိုစိတ်ချမ်းသာမှုဖြစ်စေသည်ဟူသော အတွေးလည်း ဖြစ်ပေါ်စေသည်။ မြောက်လေအေးက ဆောင်းနှင်းဖွေးဖွေးများကို သယ်ဆောင်လာသည်။ သစ်ပင်ပန်းမန်များက နှင်းရည်သောက်ကာ လန်းဆန်းနေသည်။ ကောင်းကင်ယံတွင် နှင်းမြူများရစ်ဆိုင်းကာ လွမ်းစရာလည်းကောင်းလှသည်။ မြက်ခင်းများသည်လည်း အညွန့်တလူလူနှင့် စိမ်းစိမ်းစိုစိုသစ်လွင်နေသည်။ ဆောင်းရာသီ၏အလယ် ပြာသိုလ၏ သရုပ်အမှန်များဖြစ်သည်။ မြေကိုမခင် ပင်မြင့်စံလိုသော သဇင်ပန်းများ နှင်းရည်သောက်ကာ ပွင့်ကြဝေကြ၊ မွှေးနေ၊ ကြိုင်နေကြပြီဖြစ်သည်။ နှင်းကိုချစ်သော သဇင်ပန်းမှာ ပြာသိုလ၏ ရာသီပန်းတော့မဟုတ်ပါ။ ပြာသိုလ၏ ရာသီပန်းမှာ ခွာညိုပန်းသာဖြစ်သည်။

ပြာသိုလတွင် တောင်သူလယ်သမားများ ကောက်ရိတ်သိမ်းပြီးချိန်ဖြစ်သည်။ စပါးများ ရွှေရောင်အဆင်းနှင့် ဝင်းဝါလျက်ရှိသည်။ လယ်ယာမြေများတွင် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတို့ပွင့်ကြပြီး သီးကြဝေဆာကြပြီး ခူးကြ၊ ဆွတ်ကြ ရောင်းချကြပြီး တောင်သူလယ်သမားတို့အဖို့ ငွေရှာချိန်လည်းဖြစ်သည်။ လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းချိန် အလှူပွဲများလည်း ခြိမ့်ခြိမ့်သဲနေသည်။ ကုသိုလ်ရေး လက်မနှေးသော မြန်မာများအတွက် အလှူပွဲများကျင်းပရန် အကောင်းဆုံးလဖြစ်သည်။ ပြာသိုလသည် ပွဲလမ်းသဘင်များနှင့် စည်ကားသိုက်မြိုက်လျက်ရှိသည်။

ထို့ပြင် ပြာသိုလ၏ အဓိပ္ပာယ်ကို ပညာရှင်များက အမျိုးမျိုး အဓိပ္ပာယ်ဖွင့်ဆိုကြသည်။ ပြားဖယောင်းစု၍ အရဆုံးလဟု ဖွင့်ဆိုသူက ဖွင့်ကြသည်။ တချို့ပညာရှင်များက မီးဖိုမှ ပြာများကို မသွန်ကောင်းသော လဟုလည်း ဆိုကြသည်။ တချို့ကမူ တခြားလများထက်ပို၍ အေးသောလဟု ရည်ညွှန်းကြသည်။ သရုပ်ဆောင်သော လပင်ဖြစ်သည်။

ပြာသိုလသည် ယခုမှသာ အားကစားလဟု သတ်မှတ်ခဲ့ခြင်း မဟုတ်ပါ။ ရှေးယခင်ကတည်းက အားကစားလဟု သတ်မှတ်ခဲ့ခြင်း ဖြစ်နိုင်သည်။ ပြာသိုလတွင် မြန်မာဘုရင်များကိုယ်တိုင် ဦးစီးကာ မြင်းခင်းသဘင်ပွဲတော်ကြီးကို ကျင်းပခဲ့ကြသည်။ မြင်းခင်းသဘင်ပွဲတော်မှာလည်း ကိုယ်လက်လှုပ်ရှားအားကစားအစွမ်းများ ဖော်ထုတ်ပြသသည့်ပွဲလည်း ဖြစ်ပါသည်။

ပြာသိုလ မြင်းခင်းသဘင်ပွဲတွင် မြင်းရေးသာမက ဓားခုတ်၊ လှံထိုး၊ သိုင်းအမျိုးမျိုးတို့ကို ယှဉ်ပြိုင်ကြသည်ဟု ဆိုကြပါသည်။ ပြာသိုလမှာ မြန်မာ့သမိုင်းအတွက် ထူးခြားမှုအပေါင်း သရုပ်ဆောင်သောလလည်းဖြစ်သည်။ သူ့ကျွန်မခံလိုသော မြန်မာများသည် လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းခဲ့ကြသည်။ မြန်မာတို့၏ သူရသတ္တိနှင့် ဥာဏ်၊ လုံ့လတို့ကြောင့် ကိုလိုနီခေတ် သူ့ကျွန်ဘဝမှ လွတ်မြောက်ခဲ့ကြသည်။ လွတ်လပ်ရေး စတင်ရရှိခဲ့သောနေ့မှာ မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ရက်နေ့ပင်ဖြစ်သည်။ ပြာသိုလသည် မြန်မာ့သမိုင်းတွင် မော်ကွန်းတင်ထိုက်သော လဟုပင် ဆိုနိုင်ပါသည်။

သို့ဖြစ်ရာ ပြာသိုလမှာ ထူးခြားမှုအပေါင်း သရုပ်ဆောင်သော လဖြစ်ပြီး အားရတက်ကြွဖွယ် မြင်းခင်းသဘင် ဓလေ့ကလည်း မြတ်နိုးဖွယ် အတိဖြစ်ခဲ့သည်။ "ထွတ်မြတ်တဲ့စံဌာနီ၊ လွတ်လပ်တဲ့ မြန်မာပြည်ဟု"ကမ္ပည်းတင်သောလလည်းဖြစ်သည်။ ပြာသိုလသည် လတကာလတို့ထက် ထူးမြတ်သောလပင်ဖြစ်ပါကြောင်း ရေးသားလိုက်ပေသည်။

## (၁၉၇)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ အကွက်(၈၀၆)၊ မြေပဒေသာလမ်းသွယ်ရှိ ဆုံစည်းရာ အရဏ်ဆွမ်းကပ်နှင့် ဆွမ်းလောင်းအသင်း၏ (၁၉၇)ကြိမ်မြောက် ဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၅ နာရီခွဲက လမ်း၆၀ နှင့် ၂၈(B)လမ်းထောင့်ရှိ အဆိုပါအသင်းရုံးရှေ့၌ ကျင်းပရာ လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာကြသည့် သံဃာတော်များအား အသင်းဥက္ကဋ္ဌ ဦးအေးဆောင်၊ အတွင်းရေးမှူး ဦးမောင်မောင်လွင်နှင့်အသင်းဝင် လူငယ်မောင်မယ်များက အရုဏ်ဆွမ်းကြာဆံကြော်၊ ဆွမ်းနှင့်ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လောင်းလှူခဲ့ကြသည်။ (ဝဲပုံ)

(၁၉၇)ကြိမ်မြောက် ဆွမ်းလောင်းလှူနိုင်ရေးအတွက် ဆရာမကြီး ဒေါ်နှင်းနှင်းမော်၊ (ညီမ) ဆရာမကြီး ဒေါ်နုနုရီ(CAE) ပညာရေးမိသားစု၊ ကိုလှိုင်မြင့် (စတီးဆိုင် ၂၆လမ်း)မိသားစု၊ ဒေါ်မမ(ပတ္တမြားသုခ) မိသားစု၊ တိုးတက်ကုန်မာဆိုင်နှင့် အောင်မြန်မာလျှပ်စစ်မိသားစု၊ ဦးတင်ထွန်း+ဒေါ်ခင်ဝင်းကြည်(ရွှေဖားလေး(ခဲ)မိသားစု၊ ပွင့်ဖူး(သွားနှင့်ခံတွင်း ဆေးခန်း) မိသားစု၊ ရှမ်းဌာနေစားသောက်ဆိုင် မိသားစု၊ ဖခင်ကြီး ဦးကိုးအောင်+မိခင်ကြီး ဒေါ်ဝင်းဝင်းမြင့်တို့အား ရည်စူး၍ မသီတာအောင်နှင့်သားတပည့်များ၊ ကိုကျော်ကျော်+မတင်မမ(မြရောင်ခြည်ကဖေး) မိသားစု၊ ကိုစိုင်း(ရွှေပန်းတိမ်) မိသားစု၊ ဦးမြသင်း+ဒေါ်ခင်မာရီ မိသားစုတို့က မ,တည် လှူဒါန်းခဲ့ကြသည်။

ဆုံစည်းရာဆွမ်းလောင်းအသင်းကြီးသည် လစဉ် မြန်မာလဆန်း(၃)ရက်နေ့တိုင်း ဆွမ်းလောင်းလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်များအနေဖြင့် ပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ငဖဲမြို့ ချင်းစုရပ်တွင် မေမြို့ပန်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ငဖဲ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်၊ မြို့မရပ်ကွက်၊ ချင်းစုရပ်သည် မန်းချောင်းနံဘေးတွင် တည်ရှိပြီး အရှေ့ဘက်ကိုင်းမြေနှင့် လယ်မြေများတွင် မြေအောက်ရေဖြင့် ရာသီအလိုက် သီးနှံများကို တစ်ပိုင်တစ်နိုင်စိုက်ပျိုး ရောင်းချလျက်ရှိရာ ယခုနှစ် ဆောင်းသီးနှံများ စိုက်ပျိုးရာသီတွင် မေမြို့(ချင်းမိုင်)ပန်းများ စိုက်ပျိုးရောင်းချရာ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုသီးနှံဝင်ငွေ နေ့စဉ်ရရှိကြောင်း တောင်သူ ဒေါ်သင်းခိုင်ထံမှ သိရသည်။

မေမြို့(ချင်းမိုင်)ပန်းများကို ယခင်နှစ်က မျိုးစေ့ချန်ထားပြီး မိုးအကုန်တွင် သီးနှံမျိုးစေ့များကို စတင်ပျိုးထောင်ပြီး မြေအောက်ရေသွင်းကာ စိုက်ပျိုးရောင်းချကြောင်း၊ မေမြို့ပန်းသည် မြေကောင်းကြိုက်သည့်အပြင် ရေကိုလည်း အလွန်နှစ်သက်သောကြောင့် နေ့စဉ်ရေသွင်းပေးရကာ နွားချေးနှင့် ဓာတ်မြေဩဇာများ ကျွေးပေးရကြောင်း၊ ယခုနှစ် ဆောင်းရာသီဝင်စ ဟင်းသီးဟင်းရွက်နှင့် ပန်းမန်များ စိုက်ပျိုးရာသီတွင် မိုးရွာသွန်းမှုရှိ၍ စိုက်ပျိုးမှု နောက်ကျရကြောင်း၊ မိမိ၏လယ်မြေတစ်ဧကတွင် မေမြို့ပန်းများနှင့်အတူ အခြားဟင်းသီးဟင်းရွက်များကို စိုက်ပျိုးထားရှိပြီး ကိုင်းမြေမှထွက်ရှိသည့် ပန်းများနှင့် ဟင်းသီးဟင်းရွက်များကို ငဖဲမြို့မဈေးတွင် မိမိကိုယ်တိုင် ရောင်းချ၍ အခြင်းသို့ ဖောက်သည်လာဝယ်သူများရှိကြောင်း၊ မေမြို့ပန်းတစ်ပင်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ရောင်းချရကြောင်း၊ မေမြို့(ချင်းမိုင်)ပန်းများနှင့် ဆောင်းသီးနှံဟင်းသီးဟင်းရွက်များကို နေ့စဉ် ငွေကျပ်လေးသောင်းဖိုးခန့်ရောင်းချရလို့ အဆင်ပြေကြောင်း၊ ကိုင်းမြေတစ်ဧကမှာ ဆောင်းသီးနှံများကို ရာသီအလိုက် စိုက်ပျိုးရောင်းချရလို့ သီးနှံဝင်ငွေတိုးပွားကာ မိသားစုစားဝတ်နေရေးအဆင်ပြေကြောင်း တောင်သူ ဒေါ်သင်းခိုင်က ပြောကြားသည်။

ငဖဲမြို့နယ်တွင် မြို့မရပ်ကွက်၊ ချင်းစုရပ်၊ အိုးမြေတွင်းကျေးရွာနှင့် ပန်းထိန်ကျေးရွာများတွင် မြေအောက်ရေနှင့် မန်းချောင်းရေကိုအသုံးပြု၍ လယ်မြေကိုင်းမြေများတွင် ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များနှင့်အတူ မေမြို့ပန်း၊ သစ္စာပန်းနှင့် ဂန္ဓမာပန်းများကို စိုက်ပျိုးရောင်းချကြကြောင်း သိရသည်။

**မယု(ငဖဲ)**

**(အောက်ပုံ)**



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ



**မော်လိုက် ဇန်နဝါရီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး၊ မော်လိုက်ခရိုင်၊ မော်လိုက်မြို့တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၈ ရက်မှ စတင်ကျင်းပလျက်ရှိကြောင်း သိရသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အသင်း(၇)သင်းတို့က ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသမီးဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း(၄)သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

အမျိုးသားဘော်လီဘော ပြိုင်ပွဲတွင် အသင်း(၅)သင်းတို့က ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသမီးဘော်လီဘာပြိုင်ပွဲတွင် အသင်း(၄)သင်းတို့က ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။

ဂေါက်ရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၃၀ ရက်၊ နံနက် ၇ နာရီခွဲက မော်လိုက်မြို့ဂေါက်ကွင်းတွင် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(၃၉၄)

၀-၀-၀-၀-၀

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊



ရန်ကုန်မြို့၏ ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်းဖိတ်ခေါ် ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

»»» ရှေ့ဖုံးမှ

ယင်းနောက် သမိုင်းဝင် ဒလ သင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ်-၁ လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန် ၁၅၀၀ တွဲ ရေယာဉ်အသစ်တို့အား ကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

**အမွှေးနံ့သာရည် ပက်ဖျန်းပေး**

ထို့နောက် သမိုင်းဝင် ဒလ သင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည် မွမ်းမံပြီးစီးမှု ကမ္ဗည်းမော်ကွန်းကျောက်စာနှင့် သမိုင်းဝင် အဆောက်အအုံ ဆိုင်းဘုတ်တို့အား နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကမ္ဗည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည်ဖြင့်ပက်ဖျန်းပေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၁၈၇၅ ခုနှစ်က တည်ဆောက်ထားခဲ့သော ဒလသင်္ဘောကျင်း၏ သမိုင်းဝင်ရှေးဟောင်းဒီဇယ်စက်ပြင်အလုပ်ရုံကို ရှေးမူမပျက် အကြီးစားပြန်လည်မွမ်းမံပြီးစီးမှု ကမ္ဗည်းမော်ကွန်းကျောက်စာအား အမွှေးနံ့သာရည် ပက်ဖျန်းပေးစဉ်။

ဆက်လက်၍ သမိုင်းဝင် ဒလ သင်္ဘောကျင်း နှစ်(၁၅၀) ပြည့် အထိမ်းအမှတ် အခမ်းအနားကို ရှေးဟောင်းဒီဇယ်စက်ပြင် အလုပ်ရုံအတွင်း ကျင်းပပြုလုပ်ရာ ဦးစွာ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးနှင့် သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ်(၁၅၀)ပြည့် အထိမ်းအမှတ် မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်မှုကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ဒလ သင်္ဘောကျင်းသည် မြန်မာနိုင်ငံ၏ ရေကြောင်းကဏ္ဍသမိုင်းကို အစပျိုးခဲ့သည့် သင်္ဘောကျင်းတစ်ခုဖြစ်ခြင်းကြောင့် အစဉ်အလာကြီးမားသည့် သမိုင်းဝင်သင်္ဘောကျင်းတစ်ခုဟု ဆိုရမည်ဖြစ်ကြောင်း၊ သမိုင်းအထောက်အထားများအရ **"ခေတ်မီသင်္ဘောကျင်း အစ ဒလက"** ဟု ခေါ်ဆို မှတ်တမ်းတင် မော်ကွန်းပြုရမည့် သင်္ဘောကျင်းလည်း ဖြစ်ကြောင်း၊ ထို့ကြောင့်လည်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို အခုကဲ့သို့ ကျင်းပရခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပြည်တွင်း ရေကြောင်း ပို့ဆောင်ရေးသည် ကိုလိုနီခေတ် ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ သန္ဓေတည်လာခဲ့သည့် နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ဧရာဝတီဖလော်တီလာ ကုမ္ပဏီသည် ဒလသင်္ဘောကျင်းကို ၁၈၇၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကုမ္ပဏီ၏ အုပ်ချုပ်မှုအောက်ကို စတင်ထည့်သွင်းခဲ့သည်ကို တွေ့ရကြောင်း၊ ၁၉၄၈ ခုနှစ် ဇွန် ၁ ရက်တွင် ဧရာဝတီဖလော်တီလာကုမ္ပဏီကို နိုင်ငံပိုင်ပြုလုပ်ခဲ့သည့်အတွက် ဒလသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ သမိုင်းစဉ်နှင့်အတူ ယှဉ်တွဲတည်ရှိရှင်သန်ခဲ့သည့် နိုင်ငံပိုင်သင်္ဘောကျင်းတစ်ခု ဖြစ်လာခဲ့ကြောင်း။

ဧရာဝတီ ဖလော်တီလာကုမ္ပဏီမှ မြစ်ဖျားခံပေါ်ပေါက်လာခဲ့သည့် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေး၏ ဒလသင်္ဘောကျင်းသည် ကုန်းဘောင်ခေတ်၊ အင်္ဂလိပ်ကိုလိုနီခေတ်၊ ဂျပန်ခေတ်စသည်များကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားခဲ့ကြောင်း၊ လွတ်လပ်ရေးရပြီးကာလမှ ယနေ့ထက်တိုင် အစိုးရအဆက်ဆက် နိုင်ငံတော်၏ စီမံကိန်းများစွာတွင် ပို့ဆောင်ရေးကဏ္ဍအတွက် လိုအပ်သည့် ရေယာဉ်များ တည်ဆောက်ပေးခြင်းနှင့် ထိန်းသိမ်းပြုပြင်ရေး လုပ်ငန်းများနှင့်အတူ အထောက်အကူပြုခဲ့သည်ကို တွေ့ရကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ရှေးဟောင်း ဒီဇယ်စက်ပြင် အလုပ်ရုံတွင် ပြသထားသောပြခန်းများကို ကြည့်ရှုစဉ်။

»»» စာမျက်နှာ ၃ မှ

ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ ဒလသင်္ဘောကျင်းသည် သမိုင်းဝင်ရေးကျသည့် သင်္ဘောကျင်းတစ်ခုဖြစ်သကဲ့သို့ လက်ရှိကာလအထိ သင်္ဘောကျင်းအတွင်း၌ ရှေးဟောင်းအဆောက်အအုံ၊ အလုပ်ရုံ၊ စတိုဂိုဒေါင်များ၊ လွန်းကျင်း၊ လွန်းလမ်းများ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ၁၈၈၀ ပြည့်နှစ် မတိုင်မီကတည်းက တည်ဆောက်ခဲ့သည့် ရှေးဟောင်းဒီဇယ်စက်ပြင် အလုပ်ရုံအဆောက်အအုံကြီးသည်လည်း တည်ရှိဆဲဖြစ်ပြီး ၁၉၂၀ ပြည့်နှစ် မတိုင်မီက တည်ဆောက်ခဲ့သည့် အလုပ်ရုံများ၊ အဆောက်အအုံများ များစွာ ကျန်ရှိနေသေးသည်ကိုလည်း တွေ့မြင်ရကြောင်း၊ ယခုကဲ့သို့ သမိုင်းဝင်အဆောက်အအုံများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး လက်ရှိကာလအထိ အသုံးပြုနေဆဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မှုများအတွက် အသိအမှတ်ပြု ဂုဏ်ယူမိကြောင်းကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများတွင် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ အဆိုပါပို့ဆောင်ရေးကဏ္ဍများထဲတွင် ရေကြောင်းပို့ဆောင်ရေးသည် ခရီးသွားပြည်သူများ၏ သယ်ယူပို့ဆောင်ရေး (Public Transport) လုပ်ငန်းစဉ်နှင့်အတူ ကုန်စည်ပို့ဆောင်မှု မှန်ကန်မြန်ဆန်စေရေးအတွက် တာဝန်ယူရသည့် ကဏ္ဍလည်းဖြစ်ကြောင်း။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးတွင် လေယာဉ်ကွင်းများ၊ လေယာဉ်ပြေးလမ်းများ၊ ကားလမ်း၊ ရထားလမ်းများ၊ ချောင်းကူး၊ မြစ်ကူးတံတားများကို ကွန်ရက်ဖြစ်အောင် တည်ဆောက်ခဲ့သဖြင့် လက်ရှိကာလ ခရီးသည် ပို့ဆောင်ရေးအတွက် ရေယာဉ် လိုအပ်ချက် နည်းပါးလိမ့်မည်ဟု ယူဆစရာရှိကြောင်း၊ သို့သော် ကုန်စည်ပို့ဆောင်မှုအပိုင်းတွင် ရေလမ်းမှ ပို့ဆောင်ခြင်းသည် ကုန်စည်ပမာဏများစွာကို တစ်စုတစည်းတည်း ပို့ဆောင်နိုင်ပြီး ကုန်ကျစရိတ် ပိုမိုသက်သာနေဆဲဖြစ်သည်ကို တွေ့ရကြောင်း၊ နိုင်ငံတကာတွင်လည်း ရေကြောင်းသယ်ယူပို့ဆောင်ရေးကို အလေးထား ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမြောက်ဖျားမှ တောင်ဘက် ဧရာဝတီမြစ်ဝှမ်းအထိ ကူးသန်းသွားလာမှု များစွာအထောက်အကူပြုနေသည့် ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်များကို ရာသီမရွေး ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ပင်လယ်လမ်းကြောင်း တစ်လျှောက် ကူးသန်းသွားလာမှု မြှင့်တင်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်စည်ပို့ဆောင်ရေးအတွက် လိုအပ်မည့်ဈေးကွက်ဝင်၊ စီးပွားရေး တွက်ခြေကိုက်သည့် ကုန်တင်ရေယာဉ်၊ ကုန်တင်တွဲ၊ တွန်းရေယာဉ်၊ ကွန်တိန်နာတင် ရေယာဉ်များကို ထိန်းသိမ်းပြုပြင်ခြင်း၊ ပိုမိုတည်ဆောက်ခြင်းတို့ဖြင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်း ရေကြောင်းပို့ဆောင်ရေးမှ ကမ်းရိုးတန်း ရေကြောင်းပို့ဆောင်ရေး၊ မြစ်တွင်း ကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည် ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ရေကြောင်းကုန်စည် ပို့ဆောင်မှုစနစ်များ ပိုမိုထိုးဖောက်တိုးမြှင့်ပို့ဆောင်နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ရေရှည်မျှော်မှန်းပြီး ဒလသင်္ဘောကျင်းကဲ့သို့ သင်္ဘောကျင်းများမှ လိုအပ်သည့်ရေယာဉ်များကို တည်ဆောက်ကြရမည် ဖြစ်ကြောင်း၊ နိုင်ငံပိုင်သင်္ဘောကျင်းများ အနေဖြင့် ရေရှည်ကိုမျှော်မှန်းပြီး စွမ်းဆောင်ရည် ပိုမိုမြင့်မားစွာဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

သင်္ဘောခုတ်မောင်းသွားလာရန် အင်ဂျင်များသည် ကျောက်မီးသွေးသုံးဘွိုင်လာမှ ဒီဇယ်အင်ဂျင်အထိ နည်းပညာပိုင်းအရပါ ပြောင်းလဲလာကြောင်း၊ အလားတူ ယနေ့ကာလတွင် ကုန်းလမ်းပို့ဆောင်ရေးယာဉ်များ၌ လျှပ်စစ်ဘက်ထရီ စသည်ဖြင့် စွမ်းအားများ အသုံးပြုနေပြီဖြစ်သည့်အတွက် သင်္ဘောများတွင်လည်း ဘက်ထရီစွမ်းအင်စနစ်ဖြင့် အသုံးပြုနိုင်ရေး သုတေသနပြုဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း။

စာမျက်နှာ ၅ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့်အထိမ်းအမှတ်လက်ဆောင်ပစ္စည်း ပေးအပ်စဉ်။

✳ **နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စီးပွားရေးကဏ္ဍသည် အဓိကကျကြောင်း၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရေကြောင်းကဏ္ဍမှ ထောက်ပံ့ပေးနိုင်ရန် တီထွင်ကြံဆမှုများ၊ မြစ်တွင်းရေကြောင်း ပို့ဆောင်ရေးမှ ကမ်းရိုးတန်းရေကြောင်း ပို့ဆောင်ရေး၊ မြစ်တွင်းကုန်စည်ပို့ဆောင်မှုမှ ကမ်းရိုးတန်းခရီးစဉ်နှင့် ရေကြောင်းကုန်စည် ပို့ဆောင်မှု၊ ကွန်တိန်နာဖြင့် ကုန်စည်ပို့ဆောင်မှု၊ ကမ်းရိုးတန်းခရီးစဉ်ဖြင့် မြစ်တွင်းခရီးစဉ် ပေါင်းစပ်ပြီး ရေကြောင်းကုန်စည်ပို့ဆောင်မှု စနစ်များ ပိုမိုထိုးဖောက်တိုးမြှင့်ပို့ဆောင် နိုင်ရေးအတွက် ဆောင်ရွက်ကြရမည်လည်းဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့က သမိုင်းဝင် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် ၁၉၀၈ ခုနှစ်တွင် တည်ဆောက်ထားခဲ့ပြီး ပြန်လည်အဆင့်မြှင့်တင်မွမ်းမံတည်ဆောက်ထားသော အမှတ် (၁) လွန်းလမ်း၊ လွန်းလှည်းအသစ်နှင့် တန်-၁၅၀၀ တွဲရေယာဉ်အသစ်တို့အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သမိုင်းဝင်ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစားမွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

»»» စာမျက်နှာ ၄ မှ

ရပ်ဝန်းတွင်းပိုင်းအနေဖြင့်လည်း သင်္ဘောကျင်းများတွင် ရှိသည့် ရေယာဉ် တည်ဆောက်မှုဆိုင်ရာ လွှန်းကျင်း၊ လွှန်းလမ်းများ၊ စက်ကိရိယာပစ္စည်းများ၊ တည်ဆောက်ရေးအလုပ်ရုံများ၊ ဝန်ချီစက်နှင့် ယာဉ်ယန္တရားများ၊ သင်္ဘောကျင်းလမ်းများ၊ လွှန်းတင်မှုစနစ်များ၊ ရေယာဉ်ဒီဇိုင်း ပြုစုမှုဆိုင်ရာ အထောက်အပံ့ပစ္စည်းများနှင့်တကွ လိုအပ်ချက်များကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် အညီဖြည့်ဆည်း ပြင်ဆင်ထားရမည် ဖြစ်ကြောင်း။

နိုင်ငံတော်အတွင်း ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သမိုင်းဝင် သင်္ဘောကျင်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေကြောင်းဆိုင်ရာ ဌာနအဖွဲ့ အစည်းအသီးသီးတို့ ပေါင်းစပ်ကြပြီး နိုင်ငံပိုင်သင်္ဘောကျင်းများ အချင်းချင်းရေယာဉ်တည်ဆောက်မှုဆိုင်ရာ နည်းပညာဖလှယ်မှု၊ နည်းပညာဖြန့်ဝေမှုများ ပြုလုပ်ကြပြီး ရေကြောင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ လိုက်နာဆောင်ရွက်ခြင်းဖြင့် ရေကြောင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဆောင်ရွက်ကြရန်၊ ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးအနေနှင့် မြစ်တွင်းသယ်ယူပို့ဆောင်ရေးသာမက ကမ်းရိုးတန်းရေယာဉ်များနှင့် ကမ်းရိုးတန်းကုန်စည်ပို့ဆောင်ရေး၊ ကမ်းရိုးတန်းခရီးစဉ်နှင့် မြစ်တွင်းခရီးစဉ်ပေါင်းစပ်ပြီး ခရီးသည်နှင့် ကုန်စည် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ဘေးကင်းလုံခြုံစွာဖြင့် ဆောင်ရွက်နိုင်ရေးအတွက် စီမံဆောင်ရွက်သွားရန်၊ နိုင်ငံတော်၏ ရန်ပုံငွေချထားပေးနိုင်မှု၊ ဈေးကွက်ရှိမှုအခြေအနေ၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိနိုင်မှု အခြေအနေတို့ကို သုံးသပ်ပြီး ဒလသင်္ဘောကျင်း၏စွမ်းအားကို ရယူ၍ ကမ်းရိုးတန်းရေကြောင်းမှ ကုန်စည် ပို့ဆောင်နိုင်ရေးကို တိုးမြှင့်ဆောင်ရွက်သွားကြရန်၊ ယနေ့ကျင်းပပြုလုပ်သည့် ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အခမ်းအနား ပြုလုပ်နိုင်သကဲ့သို့ ဒလသင်္ဘောကျင်းကဲ့သို့ သမိုင်းဝင် ဌာနဆိုင်ရာ စက်ရုံအလုပ်ရုံ အဆောက်အအုံများကို အစဉ်တည်တံ့နေစေရေးအတွက် စောင့်ရှောက်ခြင်း၊ ပြင်ဆင်ခြင်းများနှင့် ဆက်လက်ထိန်းသိမ်းသွားကြရန် တိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက သမိုင်းဝင်ဒလသင်္ဘောကျင်း ဖြစ်တည်ခဲ့မှု၊ သမိုင်းကြောင်း တစ်လျှောက် လုပ်ငန်းများ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှုနှင့် လက်ရှိကာလတွင်လည်း နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများနှင့်အညီ သင်္ဘောကျင်းဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ အနာဂတ်ကာလအတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်ထံ ကောင်စီဝင်ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သမိုင်းဝင်ဒလသင်္ဘောကျင်း နှစ် (၁၅၀) ပြည့် အထိမ်းအမှတ်အဖြစ် ရေယာဉ်ပုံစံငယ်နှင့် အထိမ်းအမှတ် လက်ဆောင်ပစ္စည်း ပေးအပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒလသင်္ဘောကျင်း ဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဒလသင်္ဘောကျင်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ သမိုင်းဝင်ရှေးဟောင်းဒီဇယ် စက်ပြင်အလုပ်ရုံအတွင်း ပြသထားသော ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးနှင့် ဒလသင်္ဘောကျင်း၏ သမိုင်းမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ရေယာဉ်ပုံစံငယ်များကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သမိုင်းဝင်ဒလသင်္ဘောကျင်းလုပ်ငန်းခွင်အတွင်း အကြီးစား မွမ်းမံပြင်ဆင်လျက်ရှိသော ရေယာဉ်ကြီးများ၏ ပြင်ဆင်နေမှု အခြေအနေများ၊ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ် တည်ဆောက်နိုင်ရေးအတွက် ရေယာဉ်ပုံစံငယ် စမ်းသပ်မှုလုပ်ငန်းစဉ် ရှင်းလင်းမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် သမိုင်းဝင် ဒလသင်္ဘောကျင်း ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ဒလသင်္ဘောကျင်းသည် ပြည်တွင်း ရေကြောင်းပို့ဆောင်ရေးပိုင် သင်္ဘောကျင်းများအနက် ရှေးအကျဆုံးနှင့် အကြီးဆုံးသင်္ဘောကျင်းကြီးတစ်ခု ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးပိုင် ရေယာဉ်များအား စီမံချက်နှင့်အညီ မွမ်းမံခြင်း၊ ပို့ဆောင်မှုလိုအပ်ချက်နှင့် ဒေသရေကြောင်းအခြေအနေ လိုအပ်ချက်များအရ ရေယာဉ်ပုံစံ ထုတ်လုပ်ခြင်းနှင့် တည်ဆောက်ပေးခြင်း၊ ရေယာဉ်သစ် တည်ဆောက်မှုနှင့် မွမ်းမံပြင်ဆင်မှုများတွင် လိုအပ်သော ရေယာဉ်ဆိုင်ရာ ပစ္စည်းများနှင့် စက်ပိုင်းဆိုင်ရာ ပစ္စည်းများ ထုတ်လုပ်ပေးခြင်း၊ တီထွင်စမ်းသပ်ပေးခြင်း၊ အခြားဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ရေယာဉ်များကို တည်ဆောက်ပြင်ဆင်မှုလုပ်ငန်းများ လက်ခံဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းတာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့ကြောင်း၊ ဒလသင်္ဘောကျင်းသည် အလွန်ရှေးကျသော သမိုင်းဝင် သင်္ဘောကျင်းဖြစ်သည်နှင့်အညီ စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အဦများ၊ လွှန်းကျင်း၊ လွှန်းလမ်းများ၊ စက်ကိရိယာများ အိုမင်းဟောင်းနွမ်းလျက် စွမ်းဆောင်ရည်လျော့နည်းလျက်ရှိနေမှုကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုများဖြင့် လွှန်းကျင်းလွှန်းလမ်းများ ပြန်လည်ပြင်ဆင် တည်ဆောက်ခြင်း၊ စက်ကိရိယာအသစ်များ တပ်ဆင်ခြင်း၊ အဆောက်အအုံများ ပြန်လည်မွမ်းမံခြင်းများ ဆောင်ရွက်ထားရှိကြောင်းနှင့် ဒလသင်္ဘောကျင်းအနေဖြင့် ပြောင်းလဲတိုးတက်လာသည့် ကုန်သွယ်မှုစနစ်ကို မျက်ခြည်မပြတ်လေ့လာလျက် တိုးတက်ဖြစ်ထွန်းလာသော လူသားအရင်းအမြစ်အား အခြေခံကာ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၏ အနာဂတ်ရည်မှန်းချက်တာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ဆိုက်ဘာလုံခြုံရေးဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဆိုက်ဘာလုံခြုံရေးဥပဒေ
( နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ )

၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်
( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း (၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် စီရင်ပိုင်ခွင့်

၁။ ဤဥပဒေကို **ဆိုက်ဘာလုံခြုံရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်စေရမည်။

၃။ (က) မည်သူမဆို ဤဥပဒေအရ အရေးယူနိုင်သော အောက်ဖော်ပြပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည် -

(၁) ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတော်၏ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊

(၂) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း၌ဖြစ်စေ၊ အမျိုးသားဆိုက်ဘာနယ်ပယ်နှင့် ချိတ်ဆက်နေသော အခြားဆိုက်ဘာနယ်ပယ်တစ်ခုခု၌ဖြစ်စေ ကျူးလွန်သည့်ပြစ်မှုများ၊

(ခ) ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်အား ပြည်ပရောက် မြန်မာနိုင်ငံသားက ကျူးလွန်လျှင် ဤဥပဒေအရ စီရင်ပိုင်ခွင့် ရှိစေရမည်။

အခန်း (၂)

အဓိပ္ပာယ်ဖော်ပြချက်

၄။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဗဟိုကော်မတီ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကိုဆိုသည်။

(ဂ) **ဦးစီးကော်မတီ**ဆိုသည်မှာ ဗဟိုကော်မတီကဖွဲ့စည်းသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန**ဆိုသည်မှာ ဤဥပဒေပါ ကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း**ဆိုသည်မှာ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အပါအဝင် ပြည်ထောင်စုအစိုးရအဖွဲ့က ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည်ဟု သတ်မှတ်သည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုခုကို ဆိုသည်။

(စ) **ဦးစီးဌာန**ဆိုသည်မှာ ဤဥပဒေပါကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဦးစီးဌာနကို ဆိုသည်။

(ဆ) **စုံစမ်းစစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးရေးလုပ်ငန်းဆောင်ရွက်ရန် ဦးစီးကော်မတီက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

(ဇ) **ဆိုက်ဘာလုံခြုံရေး**ဆိုသည်မှာ သတင်းအချက်အလက်၊ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အီလက်ထရောနစ် သတင်းအချက်အလက်ကို ခွင့်ပြုချက်မရှိဘဲ ရယူမှု၊ ထုတ်ဖော်ရေးသားမှု၊ ပြောဆိုမှု၊ ပေးပို့မှု၊ ဖြန့်ဝေမှု၊ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှု သို့မဟုတ် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံကို ခွင့်ပြုချက်မရှိဘဲ အသုံးပြုမှု၊ နှောင့်ယှက်မှု၊ ပြုပြင်ပြောင်းလဲမှု၊ ဖျက်ဆီးမှုနှင့် ၎င်းတို့ကိုပြုလုပ်ရန်ကြိုးပမ်းအားထုတ်မှုအား ကာကွယ်ခြင်းလုပ်ငန်းကို ဆိုသည်။

(ဈ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုပေးသော လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်သည့် ဝန်ဆောင်မှုလုပ်ငန်းလည်း ပါဝင်သည်။

(ည) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရရှိသော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဋ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကိုအသုံးပြု၍ အွန်လိုင်းတွင် သတင်းအချက်အလက်ကို သုံးစွဲသူမှ ဖော်ပြခြင်း၊ ပေးပို့ခြင်း၊ ဖြန့်ချီခြင်း သို့မဟုတ် အသုံးပြုခြင်း ပြုလုပ်နိုင်စေရန် ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်မျိုးမျိုးကို ဆိုသည်။

(ဌ) **ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ**ဆိုသည်မှာ နိုင်ငံတော်အတွင်း အသုံးပြုနိုင်သည့် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို ဆောင်ရွက်သောပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဍ) **သတင်းအချက်အလက်**ဆိုသည်မှာ အချက်အလက် (Data)၊ အချက်အလက် အစုအဝေး (Database)၊ အသံ၊ စာသား၊ ပုံရိပ်သဏ္ဌာန်၊ ကုဒ်သင်္ကေတ (Code)၊ လက္ခဏာ သင်္ကေတ (Sign)၊ အချက်ပြသင်္ကေတ (Signal)၊ ဗီဒီယို (Video)၊ ဆော့ဖ်ဝဲ (Software) သို့မဟုတ် အပလီကေးရှင်း (Application) တို့ကို ဆိုသည်။

(ဎ) **အီလက်ထရောနစ်သတင်းအချက်အလက်**ဆိုသည်မှာ ဖက်စ်၊ အီးမေးလ်တို့အပါအဝင် အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်း နည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ဖန်တီးထားသော၊ ပေးပို့သော၊ လက်ခံသော သို့မဟုတ် သိုမှီးထိန်းသိမ်းထားသော သတင်းအချက်အလက်ကို ဆိုသည်။

(ဏ) **အချက်အလက် (Data)** ဆိုသည်မှာ ကွန်ရက် သို့မဟုတ် ကွန်ပျူတာစနစ်တစ်ခုအတွင်းတွင် ပုံစံအမျိုးမျိုးဖြင့် သိမ်းဆည်းထားနိုင်သည့်အချက်အလက်ကို ဆိုသည်။

(တ) **ဆိုက်ဘာအရင်းအမြစ်**ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာ ပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ကွန်ရက်အထောက်အကူပြုပစ္စည်း၊ အချက်အလက်အစုအဝေး သို့မဟုတ် ယင်းတို့နှင့်စပ်လျဉ်း၍ တိုးတက်ဖြစ်ပေါ်လာသောနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆိုသည်။

(ထ) **ကွန်ပျူတာ**ဆိုသည်မှာ သတင်းအချက်အလက်ကို ရယူခြင်း၊ ထားရှိခြင်း၊ တစ်နေရာမှ တစ်နေရာသို့ ပေးပို့ခြင်း၊ သိုမှီးထိန်းသိမ်းခြင်း၊ လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ခြင်းနှင့် လိုအပ်သောအချိန်၌ ပြန်လည်ဖော်ထုတ်၍ အသုံးပြုခြင်းတို့ကိုလည်းကောင်း၊ သင်္ချာနှင့် ယုတ္တိဗေဒဆိုင်ရာနည်းလမ်းများ အသုံးပြုခြင်းကိုလည်းကောင်း အီလက်ထရောနစ်နည်းပညာဖြင့်ဖြစ်စေ၊ လျှပ်စစ်သံလိုက်လှိုင်းနည်းပညာဖြင့်ဖြစ်စေ၊ အခြားနည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ ပြုလုပ်နိုင်သည့် ပစ္စည်းကိရိယာကို ဆိုသည်။

(ဒ) **ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်** ဆိုသည်မှာ ကွန်ပျူတာစနစ်တစ်ရပ်ကို လုပ်ဆောင်လည်ပတ်ရာတွင် ကွန်ပျူတာစနစ်မှ လုပ်ဆောင်ချက်တစ်ရပ်ရပ်ကို ဆောင်ရွက်စေနိုင်မည့် အချက်အလက်များကို ရည်ညွှန်းသည့် လမ်းညွှန်ချက် သို့မဟုတ် ဖော်ပြချက်ကို ဆိုသည်။

(ဓ) **ကွန်ပျူတာစနစ်**ဆိုသည်မှာ ပရိုဂရမ်တစ်ခုခုဖြင့် အချက်အလက်များကို အလိုအလျောက် လုပ်ဆောင်လည်ပတ်စေနိုင်မည့် ပစ္စည်းတစ်မျိုးမျိုး၏ စနစ်ကိုဖြစ်စေ၊ အပြန်အလှန်ဆက်သွယ်တည်ဆောက်ထားသော သို့မဟုတ် ဆက်စပ်လျက်ရှိသော ပစ္စည်းများပါဝင်သည့် ပစ္စည်း၏ စနစ်ကိုဖြစ်စေဆိုသည်။ ယင်းစကားရပ်တွင် ကွန်ပျူတာစနစ်နှင့် ချိတ်ဆက်အသုံးပြုသော အချက်အလက်သိမ်းဆည်းသည့်ပစ္စည်း (Removable Storage Medium) တစ်မျိုးမျိုး၏ စနစ်လည်း ပါဝင်သည်။

(န) **ကွန်ရက်**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို ဆက်သွယ်ရေးနည်းပညာဖြင့် အချင်းချင်းအပြန်အလှန် ချိတ်ဆက်အသုံးပြုရန် ပြုလုပ်ထားသော ချိတ်ဆက်မှုအစုအဝေးကို ဆိုသည်။

(ပ) **ဗီပီအန် (Virtual Private Network)** ဆိုသည်မှာ ကွန်ရက်တစ်ခုနှင့်တစ်ခု ချိတ်ဆက်ရာတွင် လုံခြုံမှုရှိစေရန် နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ မူလကွန်ရက်အတွင်း ထပ်ပိုးကွန်ရက်အဖြစ် သီးသန့်ထူထောင်ထားသည့် စနစ်ကို ဆိုသည်။

(ဖ) **ကွန်ရက်အထောက်အကူပြုပစ္စည်း**ဆိုသည်မှာ ကွန်ရက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံ၏ ပစ္စည်းတစ်ခုခုကိုသော်လည်းကောင်း၊ ယင်းပစ္စည်းများ ပေါင်းစပ်ထားရှိမှုကို သော်လည်းကောင်းဆိုသည်။

(ဗ) **အချက်အလက်ဆန်းစစ်ခြင်း**ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းများကို အသုံးပြု၍ ဆောင်ရွက်သည့် သတင်းအချက်အလက် တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဆိုက်ဘာလုံခြုံရေးအလို့ငှာ ရယူ၍ ဆန်းစစ်ခြင်း၊ သရုပ်ခွဲခြင်း၊ စစ်ဆေးခြင်း စသည့် လုပ်ဆောင်ချက်တစ်ခုခုပြုလုပ်ခြင်းကို ဆိုသည်။

(ဘ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက် ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ်သင်္ကေတ (Malicious Code) ကို ဆိုသည်။

(မ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ အီလက်ထရောနစ် သတင်းအချက်အလက်များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်း ချိတ်ဆက်၍ဖြစ်စေ အပြန်အလှန်အားဖြင့်ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံခြင်းများ ဆောင်ရွက်နိုင်သည့် နယ်ပယ်ကို ဆိုသည်။

(ယ) **ဆိုက်ဘာတိုက်ခိုက်ခြင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး၊ အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ်တို့အား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် သတင်းအချက်အလက် ဆက်သွယ်မှုကို တစ်နည်းနည်းဖြင့် နှောင့်ယှက်ခြင်း၊ မှားယွင်းစေခြင်း၊ ရပ်ဆိုင်းစေခြင်း သို့မဟုတ် ပျက်စီးစေခြင်းဖြစ်စေရန် ပြုလုပ်မှုတစ်ခုခုကို ဆိုသည်။

(ရ) **ဆိုက်ဘာမှုခင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ပြစ်ဒဏ်ထိုက်သော ပြစ်မှုတစ်ရပ်ရပ်ကို ဖြစ်စေ ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။

(လ) **ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း**ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို အသုံးပြု၍ ဆိုက်ဘာလုံခြုံရေးကို ထိခိုက်စေရန် တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်းကို ဆိုသည်။

စာမျက်နှာ ၇ သို့ ➲

○ စာမျက်နှာ ၆ မှ

(ဝ) **ဒီဂျစ်တယ်ခေတ်ခွဲခန်း** ဆိုသည်မှာ အီလက်ထရောနစ်စနစ်ဖြင့် သိမ်းဆည်းထားသော အချက်အလက်များကို ဖော်ထုတ်ခြင်း၊ ရယူခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် အစီရင်ခံခြင်းတို့ကို ဆောင်ရွက်နိုင်သည့် နည်းပညာအထောက်အကူပြု ခေတ်ခွဲခန်းကို ဆိုသည်။

(သ) **အွန်လိုင်းလောင်းကစားစနစ် (Online Gambling System)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ် သို့မဟုတ် အလားတူနည်းပညာနှင့် ဆက်စပ်ပစ္စည်းတစ်မျိုးမျိုးကို လောင်းကစားကိရိယာအဖြစ် အသုံးပြု၍ ကံစမ်းကစားခြင်း၊ ကျွမ်းကျင်မှုကစားခြင်းတစ်ခုခုတွင် အကောက်အစားယူသည်ဖြစ်စေ၊ မယူသည်ဖြစ်စေ ငွေကြေးအတွက်သော်လည်းကောင်း၊ ငွေကြေးကဲ့သို့ တန်ဖိုးရှိသော သို့မဟုတ် ငွေကြေးတန်ဖိုးအဖြစ် လွှဲပြောင်းသတ်မှတ်ရန် သဘောတူပြီးဖြစ်သော ပစ္စည်း သို့မဟုတ် သတ်မှတ်ချက် တစ်စုံတစ်ရာအတွက်သော်လည်းကောင်း လောင်းကစားခြင်း ပြုလုပ်နိုင်သည့်စနစ်ကို ဆိုသည်။

(ဟ) **ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့** ဆိုသည်မှာ နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်ရန် ဦးစီးကော်မတီက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထားသည့်အဖွဲ့ကို ဆိုသည်။

### အခန်း (၃)
### ရည်ရွယ်ချက်

၅။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဆိုက်ဘာအရင်းအမြစ်၊ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများနှင့် အီလက်ထရောနစ် သတင်းအချက်အလက်များအား လုံခြုံစိတ်ချစွာ အသုံးပြုနိုင်ရန်၊

(ခ) အီလက်ထရောနစ် နည်းပညာများအသုံးပြု၍ ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း သို့မဟုတ် ဆိုက်ဘာအလွဲအသုံးပြုခြင်းဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေခြင်းမှ ကာကွယ်စောင့်ရှောက်နိုင်ရန်၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ဃ) ဆိုက်ဘာမှုခင်းများကို ထိရောက်စွာ စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန်၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အခြေခံသော ဒီဂျစ်တယ်စီးပွားရေးစနစ်ကို အထောက်အကူပြုနိုင်စေရန်။

### အခန်း (၄)
### ဗဟိုကော်မတီဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် -

(က) ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အလို့ငှာ ဒုတိယသမ္မတတစ်ဦးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဥက္ကဋ္ဌများကို အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို ဖွဲ့စည်းရာတွင် အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်။

(ဂ) ဗဟိုကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၇။ ဗဟိုကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်တွင် ကောင်းမွန်လုံခြုံသော အမျိုးသားဆိုက်ဘာနယ်ပယ် ပေါ်ထွန်းရေးအတွက် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များ ချမှတ်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်းအဖွဲ့အစည်းများနှင့် ယှဉ်တွဲပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းတားဆီးကာကွယ်ရေးတို့အတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာမှုခင်း တားဆီးကာကွယ်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တရားစီရင်ရေးအား အထောက်အကူဖြစ်စေရန် သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများအကြား ပေါင်းစပ်ညှိနှိုင်းပေးခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(စ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ၏ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးစီမံချက်နှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် လမ်းညွှန်မှုပေးခြင်း၊

(ဆ) အမျိုးသားဆိုက်ဘာနယ်ပယ်အတွင်း အများပြည်သူက ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက် သိမ်းဆည်းမှုကို သတ်မှတ်ခြင်း၊

(ဇ) အမျိုးသားဒီဂျစ်တယ်ခေတ်ခွဲခန်းနှင့် ဒီဂျစ်တယ်ခေတ်ခွဲခန်းများကို သတ်မှတ်ချက်နှင့်အညီ တည်ထောင်ခွင့်ပြုခြင်း၊

(ဈ) အွန်လိုင်းငွေကြေးဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ လိုအပ်ပါက မူဝါဒ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်များ ထုတ်ပြန်နိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းကို လမ်းညွှန်မှုပေးခြင်း၊

(ည) ပြည်ထောင်စုအစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

### အခန်း (၅)
### ဦးစီးကော်မတီ ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ ဗဟိုကော်မတီသည် -

(က) ဤဥပဒေပါ ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် ကြီးကြပ်နိုင်ရန် ဝန်ကြီးဌာန၏ ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဆက်စပ်ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆက်စပ်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများမှ ဒုတိယဥက္ကဋ္ဌများ သို့မဟုတ် အမြဲတမ်းအတွင်းဝန်များ၊ ဆိုက်ဘာလုံခြုံရေးကျွမ်းကျင်ပညာရှင်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို အဖွဲ့ဝင်များအဖြစ် လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်ကို အတွင်းရေးမှူးအဖြစ် လည်းကောင်း ပါဝင်စေလျက် ဦးစီးကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ဦးစီးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ (က) ပါ သတ်မှတ်ချက်နှင့်အညီ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များအား ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့် စရိတ်နှင့် ချီးမြှင့်ငွေများကို ခံစားခွင့်ပြုနိုင်သည်။

၉။ ဦးစီးကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ သို့မဟုတ် လုပ်ငန်းစီမံချက်များကို လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာတိုက်ခိုက်ခြင်း တစ်စုံတစ်ရာပေါ်ပေါက်ပါက အချိန်မီတုံ့ပြန်ကာကွယ်မှုစနစ်အား စီမံထားရှိနိုင်ရန် ဆောင်ရွက်ခြင်း၊

(ဃ) အမျိုးသားဆိုက်ဘာနယ်ပယ် လုံခြုံမှုရှိစေရန် ဆက်စပ်ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(င) ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သော ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များတွင် နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ရန် သင့် မသင့် ဗဟိုကော်မတီသို့ လေ့လာတင်ပြခြင်း၊

(စ) နိုင်ငံတော်မှ အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်သော ဆိုက်ဘာလုံခြုံရေး သို့မဟုတ် ဆိုက်ဘာမှုခင်းဆိုင်ရာ ကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဆ) ဆိုက်ဘာလုံခြုံရေး ခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲ အသုံးပြုခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များဖလှယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ အရေးယူခြင်းတို့နှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အကြံပြုချက်များအား အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုဖြစ်စဉ်တို့ကို သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊

(ဈ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ည) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ သတင်းအချက်အလက်များအား သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းခြင်း ရှိ မရှိ စိစစ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် လမ်းညွှန်မှုပေးခြင်း၊

(ဋ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်ခွင့်ပြုပေးခြင်း၊ ယင်းအဖွဲ့များ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ထုတ်ပြန်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို စိစစ်အရေးယူခြင်း၊

(ဌ) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ခြင်း၊

(ဍ) ပြည်တွင်းပြည်ပမှ ထုတ်လုပ်သည့်၊ တပ်ဆင်သည့်၊ ပြည်ပမှ တင်သွင်းလာသည့် ဆိုက်ဘာအရင်းအမြစ်များနှင့် ပတ်သက်၍ မူဝါဒများချမှတ်ခြင်းနှင့် စံချိန်စံညွှန်းများ သတ်မှတ်ခြင်း၊

(ဎ) ဤဥပဒေပါလုပ်ငန်းများကို ဆောင်ရွက်ရာတွင် စုံစမ်းစစ်ဆေးရန်လိုအပ်ပါက ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခြင်းနှင့် တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးခြင်း၊

(ဏ) ဗဟိုကော်မတီသို့ လုပ်ငန်းအစီရင်ခံစာများနှင့် အခြားလိုအပ်သော အစီရင်ခံစာများအား အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်တင်ပြခြင်း၊

(တ) ဗဟိုကော်မတီက အခါအားလျော်စွာပေးအပ်သော ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၁၀။ ဦးစီးကော်မတီသည် ဗဟိုကော်မတီ၏ သဘောတူခွင့်ပြုချက်ဖြင့် အောက်ပါလုပ်ငန်းကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည် -

(က) ဆိုက်ဘာလုံခြုံရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ခ) ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဂ) ဆိုက်ဘာကာကွယ်ရေးဆိုင်ရာလုပ်ငန်းကော်မတီ၊

(ဃ) အခြားလိုအပ်သော လုပ်ငန်းကော်မတီများ။

စာမျက်နှာ ၈ သို့ ○

○ စာမျက်နှာ ၇ မှ

## အခန်း (၆)
## ဦးစီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁၁။ ဦးစီးဌာနသည် ဗဟိုကော်မတီနှင့် ဦးစီးကော်မတီတို့၏ အတွင်းရေးမှူးရုံးအဖွဲ့အဖြစ် ရုံးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရမည်။

၁၂။ ဦးစီးဌာနသည် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဦးစီးကော်မတီဝင်များ၏ စရိတ်နှင့် ချီးမြှင့်ငွေများကို ကျခံရမည်။

၁၃။ ဦးစီးဌာနသည်-

(က) နိုင်ငံတကာနှင့် ဒေသတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ အပြည်ပြည်ဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်နိုင်သည်။

(ခ) နိုင်ငံတကာ သတ်မှတ်ချက်နှင့်အညီ ဆိုက်ဘာလုံခြုံရေး နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အချင်းစစ်ဆေးခြင်း သို့မဟုတ် ပြိုင်ပွဲများကျင်းပခြင်းပြုလုပ်ပြီး အသိအမှတ်ပြုလက်မှတ်ထုတ်ပေးနိုင်သည်။

(ဂ) နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ကဏ္ဍအလိုက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဃ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းလိုင်စင် စည်းကမ်းချက်များနှင့် ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်စည်းကမ်းချက်များကို ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် သတ်မှတ်ရမည်။

(င) ဤဥပဒေအရ ကောက်ခံရမည့် လိုင်စင်ကြေး၊ မှတ်ပုံတင်ကြေး၊ ဒဏ်ကြေး သို့မဟုတ် အခြားအခကြေးငွေများကို သတ်မှတ်ချက်နှင့်အညီ ကောက်ခံရမည်။

(စ) ဗဟိုကော်မတီက ချမှတ်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ မူဝါဒများ၊ မဟာဗျူဟာများ၊ လုပ်ငန်းစီမံချက်များနှင့် လမ်းညွှန်ချက်များကို တာဝန်ယူအကောင်အထည်ဖော် ဆောင်ရွက်ရမည်။

## အခန်း (၇)
## အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ ကာကွယ်ခြင်း

၁၄။ အောက်ပါအခြေခံအဆောက်အအုံများသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ ဖြစ်သည် -

(က) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ခ) အီလက်ထရောနစ်အစိုးရ (e-Government) ဝန်ဆောင်မှုစနစ် အခြေခံအဆောက်အအုံ၊

(ဂ) ဘဏ္ဍာရေးဆိုင်ရာအီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဃ) သယ်ယူပို့ဆောင်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(င) ဆက်သွယ်ရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(စ) ကျန်းမာရေးဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဆ) လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ၊

(ဇ) ဗဟိုကော်မတီက ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် အခါအားလျော်စွာသတ်မှတ်သည့် အီလက်ထရောနစ် သတင်းအချက်အလက် အခြေခံအဆောက်အအုံ။

၁၅။ ဗဟိုကော်မတီသည် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံများ သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းနှင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းကို ညွှန်ကြားရမည်။

၁၆။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများသည် အောက်ပါအချက်များကို ဆောင်ရွက်ရမည် -

(က) ဆိုက်ဘာလုံခြုံရေး စီမံချက်များအား သတ်မှတ်ချက်နှင့်အညီ ရေးဆွဲခြင်း၊

(ခ) ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့ ဖွဲ့စည်းခြင်း၊

(ဂ) သင့်လျော်သော ပုဂ္ဂိုလ်အား အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူအဖြစ် တာဝန်ပေးအပ်ခြင်း၊

(ဃ) ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာကို ဦးစီးကော်မတီသို့ ပြက္ခဒိန်နှစ် တစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် တင်သွင်းခြင်း။

၁၇။ အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်-

(က) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များကို အချက်အလက်အဆင့်အတန်းပေါ်မူတည်၍ သတ်မှတ်ချက်နှင့်အညီ သိမ်းဆည်းထားရှိရမည်။

(ခ) အရေးကြီးသတင်းအချက်အလက်အခြေခံအဆောက်အအုံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ထုတ်ပြန်ခြင်း၊ ပေးပို့ခြင်း၊ လက်ခံခြင်းနှင့် သိမ်းဆည်းခြင်းများကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ဂ) အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ ဆိုက်ဘာလုံခြုံရေး အစီရင်ခံစာကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် ဝန်ကြီးဌာနသို့ ပြက္ခဒိန်နှစ်တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် တင်သွင်းရမည်။

၁၈။ ဝန်ကြီးဌာနသည် ဦးစီးကော်မတီ၏ ကြီးကြပ်မှုဖြင့် အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူက ဆောင်ရွက်ထားသည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဆင်သင့်ဖြစ်မှုအပေါ် သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိကို ကြီးကြပ်စစ်ဆေးရမည်။

## အခန်း (၈)
## လိုင်စင်ထုတ်ပေးခြင်းနှင့် မှတ်ပုံတင်ခြင်း

၁၉။ ဦးစီးဌာနသည် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း လိုင်စင်သက်တမ်းနှင့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်း မှတ်ပုံတင်သက်တမ်းတို့ကို အနည်းဆုံးသုံးနှစ်မှ အများဆုံး တစ်ဆယ်နှစ်အထိ သတ်မှတ်နိုင်သည်။

၂၀။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသောကုမ္ပဏီဖြစ်ရမည့်အပြင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၁။ ဦးစီးဌာနသည် ပုဒ်မ ၂၀ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့်ကိုက်ညီပါက လျှောက်ထားသူကို လိုင်စင်ကြေးပေးသွင်းစေ၍ လိုင်စင်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၂။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လိုင်စင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၃။ ဦးစီးဌာနသည် -

(က) လိုင်စင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) လိုင်စင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော လိုင်စင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေ တစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့်အညီ မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည့်အပြင် မှတ်ပုံတင်ခွင့်ပြုရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်။

၂၅။ ဦးစီးဌာနသည် ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) လျှောက်ထားချက်သည် သတ်မှတ်ချက်နှင့် ကိုက်ညီပါက လျှောက်ထားသူကို မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊

(ခ) သတ်မှတ်ချက်နှင့်ကိုက်ညီမှုမရှိပါက လျှောက်ထားသူကို ပြင်ဆင်လျှောက်ထားစေခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခြင်း။

၂၆။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် လုပ်ငန်းဆက်လက် လုပ်ကိုင်လိုပါက မှတ်ပုံတင်သက်တမ်းမကုန်ဆုံးမီ ခြောက်လကြိုတင်၍ သတ်မှတ်ချက်နှင့်အညီ ဦးစီးဌာနသို့ မှတ်ပုံတင်သက်တမ်းတိုး လျှောက်ထားရမည်။

၂၇။ ဦးစီးဌာနသည် -

(က) မှတ်ပုံတင်သက်တမ်းတိုးလျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) မှတ်ပုံတင်သက်တမ်းတိုးခြင်းကို ငြင်းပယ်ပါက ထိုသို့ငြင်းပယ်ခြင်းသည် ကျန်ရှိသော မှတ်ပုံတင်သက်တမ်းကို ထိခိုက်ခြင်းမရှိစေရ။

၂၈။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့သည် နိုင်ငံတော်အတွင်း ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လှုပ်ရှားမှုများကို အကျိုးအမြတ်ရယူခြင်းမရှိဘဲ ဆောင်ရွက်နိုင်ရန် သတ်မှတ်ချက်နှင့်အညီ ဦးစီးကော်မတီ၏ ခွင့်ပြုချက်ကို ရယူရမည်။

## အခန်း (၉)
## ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူ၏တာဝန်များ

၂၉။ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည်-

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေများနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဦးစီးဌာနနှင့် ဆိုက်ဘာလုံခြုံရေးကျိုးပေါက်မှု အရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များအား အထောက်အကူပြုနိုင်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ပျက်စီးဆုံးရှုံးမှု အလားအလာကို သတိပေးခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းဆိုင်ရာလုပ်ငန်းများကို အကြံပေးခြင်း၊

(ဃ) မောလ်ဝဲရ်(Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်းကို အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်နှင့် ဖြေရှင်းနည်းများ ရေးဆွဲထားရှိခြင်း၊

(င) မောလ်ဝဲရ် (Malware) သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်ခြင်း ဖြစ်ပေါ်သည့်အခါ သင့်လျော်သော အရေးပေါ်တုံ့ပြန်ရန် အစီအစဉ်ကို ချက်ချင်းအကောင်အထည်ဖော်ခြင်း၊ တုံ့ပြန်ဖြေရှင်းခြင်းနှင့် အကျိုးသက်ဆိုင်သူအား အသိပေးခြင်း၊

(စ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ နည်းပညာနှင့် လိုအပ်သော နိုင်ငံတကာစံနှုန်းများကို ကျင့်သုံးခြင်း၊

(ဆ) ဝန်ဆောင်မှုကို ရယူအသုံးပြုသူများ၏ သတင်းအချက်အလက်များ ပေါက်ကြားခြင်း၊ ပျက်စီးခြင်း သို့မဟုတ် ဆုံးရှုံးခြင်းများ မဖြစ်ပေါ်စေရန် ကာကွယ်ခြင်း၊

(ဇ) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ထူးခြားဖြစ်စဉ်ဖြစ်ပေါ်ပါက ဦးစီးဌာနသို့ ချက်ချင်းအကြောင်းကြားခြင်း၊

(ဈ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာခြင်း၊

(ည) ဆိုက်ဘာလုံခြုံရေးဆိုင်ရာ လုပ်ငန်းအစီရင်ခံစာကို သတ်မှတ်ချက်နှင့်အညီ ပြုစုပြီး ဦးစီးဌာနသို့ တင်ပြခြင်း။

၃၀။ ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(က) ဆောင်ရွက်မည့်လုပ်ငန်း သို့မဟုတ် ကဏ္ဍအလိုက် သက်ဆိုင်ရာဥပဒေနှင့်အညီ လိုအပ်သော ခွင့်ပြုမိန့် သို့မဟုတ် အထောက်အထားရယူခြင်း၊

(ခ) ဝန်ဆောင်မှုကိုရယူအသုံးပြုသူ၏ အချက်အလက်အဆင့်အတန်းအပေါ် မူတည်၍ အချက်အလက်များ သိမ်းဆည်းထားသောပစ္စည်းကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

## ချမ်းမြသာစည်(ယာယီ)ကားကြီးကွင်းတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော၊ လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်



**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ခြင်း အခမ်းအနားကို ဒီဇင်ဘာ ၂၉ရက်နံနက် ၁၀နာရီက ချမ်းမြသာစည် (ယာယီ)ကားကြီးကွင်းတွင် ပြုလုပ်သည်။

အဆိုပါအခမ်းအနားအား မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ ချမ်းမြသာစည်(ယာယီ)ကားကြီးကွင်း အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများ စနစ်တကျရှိရေးအပြင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ကြေညာချက်များအား လိုက်နာကြရန်အတွက် အသိပညာပေးပြောကြားခဲ့ပြီး မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်းကို လက်တွေ့ပြသခြင်း၊ မီးငြိမ်းသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြ ဇာတ်တိုက်လေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန် အတွက် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ အစိုးရဌာနဆိုင်ရာရုံးများအပြင် စက်ရုံ၊ အလုပ်ရုံ လုပ်ငန်းများ၊ ဈေးဆိုင်များနှင့် နေအိမ်များတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှ ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများနှင့် အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၅၇)**



## မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးစာစောင်များ ဖြန့်ဝေ

**ရှာင် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာင်မြို့နယ် မြို့မဈေးအား မီးလောင်၊ မီးလန့်မှုမဖြစ်ပွားစေရေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲက မြို့မဈေး၌ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန၊ ဦးစီးအရာရှိ ဦးသိန်းဇော်ဦး ဦးဆောင်သော သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ ဈေးတာဝန်ခံဝန်ထမ်းများ ပူးပေါင်း၍ ဈေးမီးဘေးလုံခြုံရေးစစ်ဆေးခြင်းနှင့် ဈေးသူ၊ ဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာဗဟုသုတများရရှိစေရေးအတွက် မီးဘေးအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ် (ပြန်/ဆက်)**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တာချီလိတ်မြို့တွင် စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက် နံနက် ၈ နာရီက တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်တွင် သာလာစိုးမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဆိုင်ကယ်အတွင်း သိုဝှက်သယ်ဆောင်လာသော စိတ်ပြောင်းဆေးဝါး Happy Water အလေးချိန် ၂ ဒသမ ၅ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ နံနက် ၈ နာရီ ၄၅ မိနစ်က အဆိုပါ စိတ်ပြောင်းဆေးဝါးများ ရောင်းချသူ စိုင်းခမ်းပန်(ခ)အားလုံ ဆိုသူအား တာချီလိတ်မြို့၊ ဆေခမ်းရပ်ကွက်တွင် မော်တော်ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်းတစ်လုံးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် သာလာစိုး(၂၇)နှစ်နှင့် စိုင်းခမ်းပန်(ခ)အားလုံ(၂၉)နှစ်ဆိုသူတို့အား ဟောင်လိတ်နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**



**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် လိုင်စင်မဲ့ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၁**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၂၃လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၃၀ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အရာတော်မြို့၊ မြို့လယ်ကျောက်တိုင် လမ်းဆုံအနီး၌ လိုင်စင်မဲ့ Toyota Mark II ယာဉ်တစ်စီးကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဒီဇင်ဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်၊ ညောင်လေးပင်ခရိုင်၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင် မီးသွေး ၄ ဒသမ ၁၆၀ တန်၊ ကျွန်းသစ် ၆ ဒသမ ၆၄၀ တန်၊ သစ်မာ ၁ ဒသမ ၂၁၇ တန်၊ အခြားသစ် ၂ ဒသမ ၉၀၃ တန်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**





## မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း အသိပညာပေး ဟောပြော

**ကံမ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ အုပ်ဖိုကျေးရွာတွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း အသိပညာပေး ဟောပြောပွဲနှင့်ရှက်ဖျန်းသဘာဝမြေဩဇာများ ဖြန့်ဖြူးခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက အ.မ.က(အုပ်ဖို)၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းကျော်မျိုးက မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ဆွေးနွေးပြောကြားပြီး သရက်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသက်ဖြိုးအောင်နှင့်ဒေါ်အိနန္ဒာအောင်တို့က မီးခိုးမြူငွေ့ညစ်ညမ်းမှုအကြောင်း သိကောင်းစရာများကို ဗီဒီယိုကလစ်ဖြင့်ပြသပြီး လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နနုတင်က တမာရွက်ဖြင့် ပိုးသတ်ဆေးပြုလုပ်နည်းအား တောင်သူများကို ပညာပေးဆွေးနွေးပြီး သဘာဝမြေဩဇာများ ဖြန့်ဖြူးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**

ဝ-ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ ရွှေစင်အကယ်ဒမီရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းမျိုးစုံ ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်)အား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား နှစ်ဦးအား သက်သေခံရွှေထည်ပစ္စည်းများ၊ လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်းကြားရှိ "ရွှေစင်အကယ်ဒမီရွှေဆိုင်"၌ ရွှေဆိုင်ပိုင်ရှင် ဒေါ်ဝင်းဝင်းအေး ၅၂ နှစ်သည် ဆိုင်ပိတ်ပြီး ဆိုင်အတွင်း အရောင်းဝန်ထမ်းများနှင့်အတူ ရှိနေစဉ် နံပါတ်မပါ Click အနက်ရောင်ဆိုင်ကယ် တစ်စီးဖြင့် Mask များ တပ်ဆင်ထားသည့် အမျိုးသား သုံးဦး(စိစစ်ဆဲ)ရောက်ရှိလာပြီး တစ်ဦးမှာ ဆိုင်ပေါက်ဝတွင် စောင့်နေကာ ပစ္စတို သေနတ်ကိုယ်စီ ကိုင်ဆောင်ထားသည့် အမျိုးသား နှစ်ဦးမှာ ဆိုင်အတွင်းသို့ ဝင်ရောက်၍ သေနတ်ပြခြိမ်းခြောက်ပြီး ကောင်တာဘောစားပွဲပေါ်တွင် တင်ထားသော ရွှေထည် အတုံး/ ဆွဲကြိုး/ လက်ကောက် ထည့်ထားသည့် ပလတ်စတစ်ပုံး သုံးပုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း ရွှေအလေးချိန် ၃ ပိဿာ ၅၅ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၃၀၀၀၀ ခန့်) အား လုယက်ယူဆောင် ထွက်ပြေးသွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး မဟာအောင်မြေမြို့မရဲစခန်း(ပ) ၃၃၀/ ၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်စုံစမ်းဆောင်ရွက်ခဲ့သည်။



(ဝဲမှယာ) တရားခံ ဖြိုးသက်အောင် (ခ)ဖြိုးလေး၊ ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

### သိမ်းဆည်းရမိ

လုံခြုံရေး တပ်ဖွဲ့ဝင်များက ပြစ်မှု ကျူးလွန်သူတရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ် မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်းသတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ "ရွှေစင်အကယ်ဒမီ"ရွှေဆိုင်အား လုယက်မှု ကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ဆိုင်ကယ် နှစ်စီးအနက် 36W/ 96027 Honda CBR 150 အမျိုးအစားဆိုင်ကယ်အား ချမ်းအေးသာစံမြို့နယ် "အလင်းရောင်" ဆိုင်ကယ် ပြုပြင်ရေးဆိုင်၌ အမျိုးသားတစ်ဦး (စိစစ်ဆဲ)မှ ပြန်လည် ရောင်းချပေးရန် လာရောက်အပ်နှံ ထားကြောင်း သိရှိရ၍ စောင့်ဆိုင်းဖမ်းဆီးခဲ့ရာ လုယက်မှုကျူးလွန်ခဲ့သည့် တရားခံ ပုသိမ်ကြီးမြို့နယ် ဝေ့ကြီးကုန်းကျေးရွာနေ ဖြိုးသက်အောင်(ခ) ဖြိုးလေး(၂၅)နှစ် (ဘ) ဦးတင်အောင်အား ဒီဇင်ဘာ ၂၃ ရက်နေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်ရှိ "K-Mandalay" လက်ဖက်ရည်ဆိုင်အနီး၌ ဖမ်းဆီးရမိခဲ့ပြီး လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ၎င်းနေအိမ်၌ သိမ်းဆည်းထားကြောင်း ထွက်ဆိုချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ ၎င်း၏ နေအိမ်ရှိ Air Cooler အတွင်းမှ သက်သေခံရွှေထည် ပစ္စည်းမျိုးစုံ ၆၂ ကျပ်သား၊ လေးပဲ၊ နှစ်ရွေးအား သိမ်းဆည်းရမိခဲ့သည်။

### ထပ်မံဖမ်းဆီးရမိ

ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေး၏ ထွက်ဆိုချက်အရ လုယက်မှုကျူးလွန်ရာ၌ ပါဝင်သူ တရားခံ ချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက်နေ ဇင်မျိုးထိုက် (ခ)ဇင်မျိုး(၂၉)နှစ် (ဘ)ဦးဖဲမောင်အား ဒီဇင်ဘာ ၂၄ ရက် နံနက် ၂ နာရီခွဲတွင် ၎င်း၏ နေအိမ်၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် SGG-47W/12410 Honda Click ဆိုင်ကယ် တစ်စီး၊ နေအိမ်အပေါ်ထပ်ရှိ Air Con အပေါ်မှ လုယက်ကျူးလွန်ရာမှ ဝေစုအဖြစ်ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၂၄ ကျပ်သားခန့်ကို လည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက် ည ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄) ရပ်ကွက်တွင် နေထိုင်သော ဖမ်းဆီးရန်ကျန်တရားခံ အောင်မျိုးသူ၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ တရားခံ အောင်မျိုးသူအား တွေ့ရှိရခြင်း မရှိဘဲ ၎င်းအသုံးပြုသော KYN-47B/5913 Honda Fit ယာဉ်၏ လေထိုးစက် အံဝှက်ခန်းအတွင်းမှ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းမျိုးစုံ ၇၈ ကျပ် ၅ မူးသားအားလည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သည်။





(ဝဲမှယာ) ဖမ်းဆီးရန်ကျန်တရားခံ ဝင်းမြတ်သူ၊ အောင်မျိုးသူ။

### ဖော်ထုတ်သိရှိ

ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ)ဇင်မျိုးတို့၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၁၀ ရက်တွင် ၎င်းတို့နှင့် ခင်မင်ရင်းနှီးသူ မြဝတီမြို့နေ ဖမ်းဆီးရန်ကျန် တရားခံ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့ နှစ်ဦးမှာ မန္တလေးမြို့သို့ရောက်ရှိနေကြောင်း သိရှိရသဖြင့် သွားရောက်တွေ့ဆုံခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် အောင်မျိုးသူထံတွင် ပစ္စတိုသေနတ် နှစ်လက်ရှိကြောင်း၊ ၎င်းပစ္စတိုသေနတ်များအား အသုံးပြုကာ အောင်မျိုးသူက ခေါင်းဆောင်၍ ၎င်းတို့လေးဦးသည် မဟာအောင်မြေမြို့နယ် ဟေမမာလာမြောက်ရပ်ကွက် ၇၇ လမ်း၊ ၃၆ လမ်းနှင့် ၃၇ လမ်း ကြားရှိ "ရွှေစင်အကယ်ဒမီ"ရွှေဆိုင်အား ဝင်ရောက်လုယက်ရန် တိုင်ပင်ခဲ့ကြကြောင်း၊ နောက်ရက်များတွင် "ရွှေစင်အကယ်ဒမီ"ရွှေဆိုင်အနီး ပတ်ဝန်းကျင်သို့ သွားရောက်ကာ တစ်ဦးချင်းအလှည့်ကျ ခုနစ်ရက်ခန့် အခြေအနေ စောင့်ကြည့်ခဲ့ကြပြီး ဒီဇင်ဘာ ၁၈ ရက် ညနေ ၅ နာရီ အချိန်တွင် ရွှေဆိုင်လုံခြုံရေး ဝန်ထမ်း ပြန်သွားပြီးနောက် ဖြိုးသက်အောင် (ခ)ဖြိုးလေး၊ ဝင်းမြတ်သူ၊ အောင်မျိုးသူတို့မှ Click ဆိုင်ကယ်ဖြင့်လည်းကောင်း၊ ဇင်မျိုးထိုက်(ခ)ဇင်မျိုးမှ CBR ဆိုင်ကယ်ဖြင့်လည်းကောင်း သွားရောက်ခဲ့ပြီး ဇင်မျိုးထိုက်(ခ) ဇင်မျိုးမှ ရွှေဆိုင်အနီး၌ CBR ဆိုင်ကယ်အား ကျယ်လောင်ဆူညံစွာ မောင်းနှင်၍ ပတ်ဝန်းကျင်အား အာရုံလွှဲထားပြီး အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ ပစ္စတိုသေနတ်များ ကိုယ်စီကိုင်ဆောင်၍ ဖြိုးသက်အောင် (ခ) ဖြိုးလေးနှင့်အတူ ရွှေဆိုင်အတွင်း ဝင်ရောက်ကာ ဆိုင်ဝန်ထမ်းများအား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် ရွှေထည်ပစ္စည်းများအား ခေါင်းဆောင်ဖြစ်သူ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့မှ တစ်ပုံ၊ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ)ဇင်မျိုးတို့မှ တစ်ပုံစီ အသီးသီးခွဲဝေယူခဲ့ကြောင်း၊ ရွှေထည်ပစ္စည်းများအား ခွဲဝေရာတွင် ချိန်ခွင်ဖြင့် အတိကျမခွဲဘဲ အရွယ်အစားအလိုက် ခန့်မှန်း၍ ဆွဲကြိုး၊ ခေါက်သီး၊ လက်ကောက်၊ လက်စွပ်၊ အကြီးအသေးစသည်တို့ကို အချိုးကျ ခွဲဝေယူခဲ့ကြခြင်းဖြစ်ကြောင်းနှင့် လုယက်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် ပစ္စတိုသေနတ် နှစ်လက်မှာ အောင်မျိုးသူမှ မြဝတီမြို့၌ နေထိုင်စဉ် အမျိုးသားတစ်ဦး (စိစစ်ဆဲ)ထံမှ ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိသည်။

ဖြစ်စဉ်တွင် ရွှေစင်အကယ်ဒမီ ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှု ကျူးလွန်ခဲ့သည့် ဖမ်းဆီးရမိတရားခံ ဖြိုးသက်အောင်(ခ)ဖြိုးလေးနှင့် ဇင်မျိုးထိုက်(ခ) ဇင်မျိုးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဖမ်းဆီးရန်ကျန်တရားခံ အောင်မျိုးသူနှင့် ဝင်းမြတ်သူတို့အား ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြားနှစ်သိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁

ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ပြစ်မှုကျူးလွန်သူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

### သိမ်းဆည်းရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် ညနေ ၃ နာရီတွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၃၅ လမ်းနှင့် ၅၅ လမ်းထောင့်တွင် ဟိန်းသူအောင် မောင်းနှင်ပြီး သန်းဇော်ငြိမ်း လိုက်ပါလာသည့် Hiace ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၁ ဒသမ ၈ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့ညနေ ၃ နာရီခွဲတွင် ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၄(A)လမ်း×၃၂(A)လမ်းထောင့်ရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်ခိုင်းသူ သိန်းနိုင်ဦး၏နေအိမ်မှ ဘိန်းဖြူ ၈ ဒသမ ၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းငွေကျပ်သိန်း ၅၇၅၀ တန်ဖိုးရှိ ဘိန်းဖြူ ၁၁ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက် စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကိုစောင့်ရှောက်စို့။







## ဘိုဝင် ဘယ်ဘက်ခြေထောက်ရိုးအက်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ် ရှိ

**လန်ဒန် ဇန်နဝါရီ ၁**

ဝက်စ်ဟမ်းအသင်း တောင်ပံကစားသမား ဘိုဝင် ဘယ်ဘက်ခြေထောက်ရိုးအက်ဒဏ်ရာကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါ တောင်ပံကစားသမားသည် ဝက်စ်ဟမ်းအသင်းက လီဗာပူးအသင်းအား ငါးဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တောင်ပံကစားသမား ဘိုဝင် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် ဝက်စ်ဟမ်းအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ် ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ တောင်ပံကစားသမား ဘိုဝင်သည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၂ ပွဲကစားပြီး ၆၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

**(NGB)**

## နည်းပြ ဝိန်းရွန်နီအား နည်းပြရာထူးမှ ပလိုင်းမောက်အသင်းထုတ်ပယ်



**လန်ဒန် ဇန်နဝါရီ ၁**

အင်္ဂလိပ်ချန်ပီယံရှစ်ကလပ် ပလိုင်းမောက်အသင်းသည် လက်ရှိအချိန် ရလဒ်များဆိုးရွားနေခြင်းကြောင့် အသင်းနည်းပြ ဝိန်းရွန်နီအား နည်းပြရာထူးမှ ထုတ်ပယ်ခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

ပလိုင်းမောက်အသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အင်္ဂလိပ်ချန်ပီယံရှစ် အမှတ်ပေးဇယားအဆင့် ၂၄ နေရာတွင် ရပ်တည်ပြီး ရလဒ်များအလွန်ဆိုးရွားနေခြင်းကြောင့် နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ထုတ်ပယ်ခဲ့ခြင်းဖြစ် သည်။

နည်းပြဝိန်းရွန်နီသည် ပလိုင်းမောက်အသင်းအား ၂၀၂၄ ခုနှစ် မေ ၂၅ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၂၅ပွဲတွင် ၅ပွဲနိုင်၊ ၆ပွဲသရေ၊ ၁၄ပွဲရှုံး ရလဒ်ပိုင်ဆိုင်ထားသည်။ **(အပေါ်ဝဲပုံ)**

ပလိုင်းမောက်အသင်းထုတ်ပြန်ချက်တွင် "နည်းပြ ဝိန်းရွန်နီအား ရာထူးမှ ထုတ်ပယ်ခဲ့ပါပြီ။ အသင်းအနေနဲ့လည်း နည်းပြသစ်တစ်ဦးအမြန်ဆုံး ရှာဖွေခန့်အပ်သွားမှာပါ"ဟု ထုတ်ပြန်သည်။

**(NGB)**

## ကန်ဟာ လုံခြုံရေးဝန်ထမ်းအား ကိုယ်ထိလက်ရောက်ပြုမူခဲ့ခြင်းကြောင့် ၂ ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေချမှတ်ခြင်း ခံရ

**လန်ဒန် ဇန်နဝါရီ ၁**

ဝုဖ်အသင်းတိုက်စစ်မှူး ကန်ဟာ ပြိုင်ဘက်အသင်းဖြစ်သည့် အစ်ဆွစ်ချ်အသင်း၏ လုံခြုံရေးဝန်ထမ်းအား ကိုယ်ထိလက်ရောက်ပြုမူခဲ့ခြင်းကြောင့် ၂ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ငွေ စတာလင်ပေါင် ၈၀၀၀၀ ချမှတ်ခြင်းခံခဲ့ရသည်။

အဆိုပါ တိုက်စစ်မှူးသည် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၄ရက်က ဝုဖ်အသင်းက အစ်ဆွစ်ချ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်တွင် ပြိုင်ဘက်အသင်း လုံခြုံရေးဝန်ထမ်းအား တံတောင်ဖြင့်တွက်ခဲ့သလို မျက်မှန်အား ဆွဲချွတ်လွှင့်ပစ်ခဲ့ခြင်းကြောင့် ယခုလို ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရသည်။

တိုက်စစ်မှူး ကန်ဟာသည် ယခုပြစ်ဒဏ်ကြောင့် နော့တင်ဟမ်ဖောရက်စ်အသင်းနှင့် ကစားမည့်ပွဲစဉ်အပြင် ဘရစ္စတိုးအသင်းနှင့် ကစားမည့် အက်ဖ်အေဖလားပွဲစဉ်အား လွဲချော်သွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူး ကန်ဟာသည် ဝုဖ်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၅၅ ပွဲ ကစားပြီး ၂၄ ဂိုး သွင်းယူထားသည်။

**(အောက်ပုံ)**

**(NGB)**

၀-၀-၀-၀-၀-၀




## အန်တိုနီအား အငှားစာချုပ်ဖြင့်ခေါ်ယူရန် ဘက်တစ်အသင်း စီစဉ်

**မက်ဒရစ် ဇန်နဝါရီ ၁**



စပိန်လာလီဂါကလပ် ဘက်တစ်အသင်းသည် မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား အန်တိုနီအား အငှားစာချုပ်ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၄)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှထွက်ခွာချင်လျက်ရှိနေသည်။

တောင်ပံကစားသမား အန်တိုနီသည် မန်ချက်စတာယူနိုက်တက်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၃ပွဲကစားပြီး ၁၂ဂိုး သွင်းယူထားခြင်းကြောင့် ဘက်တစ်အသင်းက အငှားဖြင့် ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ထို့ကြောင့် ဘက်တစ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီ ဈေးကွက်အတွင်းတွင် မန်ချက်စတာယူနိုက်တက်အသင်းထံမှ အန်တိုနီအား အငှားဖြင့် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

**(အပေါ်ပုံ)**

**(NGB)**

၀-၀-၀-၀-၀-၀

၀-၀-၀-၀

## နည်းပြ ဆာဂျီယိုကွန်ဆီကာအိုအား နည်းပြသစ်အဖြစ် အေစီမီလန်အသင်း ခန့်အပ်

**မီလန် ဇန်နဝါရီ ၁**

အေစီမီလန်အသင်းသည် အသင်းနည်းပြသစ်အဖြစ် နည်းပြ ဆာဂျီယိုကွန်ဆီကာအိုအား ခန့်အပ်ခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် နည်းပြဘဝသက်တမ်းတစ်လျှောက်တွင် ပေါ်တို၊ ဘရာဂါ၊ နန့်တက်စ်စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာအား ကိုင်တွယ်ပြီး အတွေ့အကြုံရှိသည့် နည်းပြတစ်ဦးဖြစ်ခြင်းကြောင့် အေစီမီလန်အသင်းက နည်းပြသစ်အဖြစ်ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

အသက်(၅၀)နှစ်အရွယ်ရှိ နည်းပြ ဆာဂျီယိုကွန်ဆီကာအိုက "ကျွန်တော် အခုလို အေစီမီလန်အသင်းနည်းပြသစ်အဖြစ် ခန့်အပ်ခြင်းခံရလို့ ဝမ်းသာမိပါတယ်။ ကျွန်တော့်ကို ယုံကြည်စွာနဲ့ တာဝန်ပေးအပ်ခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ အေစီမီလန်အသင်း အောင်မြင်တိုးတက်ဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

**(အောက်ပုံ) (NGB)**



## အာနိုးလ်အတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းလာမှုကို လီဗာပူးအသင်း ပယ်ချ

**လန်ဒန် ဇန်နဝါရီ ၁**

လီဗာပူးအသင်းသည် အသင်းအမိက နောက်ခံကစားသမား အာနိုးလ်အတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းလာမှုကို ပယ်ချခဲ့ကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ရီးရဲလ်မက်ဒရစ်အသင်းက အသင်းအမိက နောက်ခံကစားသမားများ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်နေရမှုကြောင့် အာနိုးလ်အား ကမ်းလှမ်းခဲ့သော်လည်း အဆိုပါ ကမ်းလှမ်းမှုကို လီဗာပူးအသင်းက ချက်ချင်းဆိုသလို ပယ်ချခဲ့သည်။

အသက်(၂၆)နှစ် အရွယ်ရှိ နောက်ခံကစားသမား အာနိုးလ်ကိုယ်တိုင်ကလည်း ယခုနှစ် ဘောလုံးရာသီတွင် အသင်းနှင့်အတူ အောင်မြင်မှုများရရှိရန်သာ အာရုံစိုက်ထားကြောင်း ပြောကြားခဲ့သည်။




နောက်ခံကစားသမား အာနိုးလ်သည် လီဗာပူးအသင်းနှင့်အတူ ၂၀၁၆-၂၀၁၇ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၃၃ ပွဲ ကစားကာ ဂိုး ၂၀ထိ သွင်းယူပြီး ခြေစွမ်းပြထားသည်။

**(ဝဲပုံ)**

**(NGB)**

## ဖီကာယိုတိုမိုရီအား ခေါ်ယူရန် နယူးကာဆယ်အသင်း အလျင်အမြန် စီစဉ်

**လန်ဒန် ဇန်နဝါရီ ၁**

နယူးကာဆယ်အသင်းသည် အေစီမီလန်အသင်းနောက်ခံ ကစားသမား ဖီကာယိုတိုမိုရီအား ခေါ်ယူရန် အလျင်အမြန်စီစဉ်လာခဲ့ပြီဖြစ်သည်။ **(အောက်ပုံ)**

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၇ပွဲကစားပြီး ၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နယူးကာဆယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



အေစီမီလန်အသင်းကလည်း ဖီကာယိုတိုမိုရီအတွက် မြင့်မားသည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် နယူးကာဆယ်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် အေစီမီလန်အသင်းထံမှ ဖီကာယိုတိုမိုရီအား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။

**(NGB)**

၀-၀-၀-၀-၀-၀

### ဘောလုံးသတင်းအတိုအထွာများ

* လိုက်ပဇစ်အသင်းမှ စပါးအသင်းသို့ အငှားလာရောက်ကစားနေသည့် တိုက်စစ်မှူး တီမိုဝါနာသည် လာမည့်နွေရာသီဈေးကွက်အတွင်းတွင် မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ဘဲ လိုက်ပဇစ်အသင်းသို့သာ ပြန်သွားမည် ဖြစ်သည်။

* ဖီနာဘာချီအသင်းနည်းပြ မော်ရင်ဟိုက မိမိအနေဖြင့် အနာဂတ်တွင် နိုင်ငံအသင်းတစ်သင်းသင်းအား ကိုင်တွယ်သွားလိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

**(NGB)**

### အရှေ့တောင်အာရှ ချန်ပီယံရှစ် (မစ်ဆူဘီရှီ အီလက်ထရစ်ဖလား) ဘောလုံးပြိုင်ပွဲ (ဗိုလ်လုပွဲ) (ပ-ကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂-၁-၂၀၂၅ ကြာသပတေးနေ့ | ည ၇:၃၀ နာရီ | ဗီယက်နမ် - ထိုင်း |

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ နဝမမြောက် ဗန်းမော်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဆရာတော်ကြီး၏ အထိမ်းအမှတ် လောကုက္ကဋ္ဌစေတီတော်ကြီး စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ထီးတော်လှူဒါန်းပွဲအခမ်းအနားကျင်းပ





**မန္တလေး ဇန်နဝါရီ ၁**

မဟာအောင်မြေမြို့နယ် ဗန်းမော်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန မဟာနာယက၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ၏ အဓိပတိ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက နဝမမြောက်ဗန်းမော်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ၏အထိမ်းအမှတ် ခုနှစ်ရက်သားသမီး အများကောင်းမှုဖြင့် တည်ထားကိုးကွယ်လှူဒါန်းသည့် လောကုက္ကဋ္ဌစေတီတော်ကြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့နယ် ပြင်စာကျေးရွာ၊ မစိုးရိမ်တိုက်သစ်ရှိ စိတ္တပါလဗုဒ္ဓဝိပဿနာဗိမာန်တော်တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ အမှူးပြု၍ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ ၎င်းတို့၏ဇနီးများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကာ နမောတဿ (၃)ကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က ကိုးပါးသီလခံယူဆောက်တည်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်များနှင့် လှူဖွယ်ပစ္စည်းများနှင့်နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

၎င်းနောက် အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပခဲ့ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်ထံက ဩဝါဒများ နာယူကြ၍ လှူဒါန်းမှုအစုစုအတွက် သာဓုအနုမောဒနာတရားနာယူကာ ရေစက်သွန်းချအမျှအတမ်းပေးဝေပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု (၃)ကြိမ်ရွတ်ဆိုကာ အခမ်းအနားကို ရုပ်သိမ်း၍ ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ အမှတ်(၁)တပ်မတော်စစ်ဆေးရုံ၊ ခုတင် ၇၀၀ ရှိ အထူးကြပ်မတ်ကုသဆောင်တွင် ကျန်းမာရေးစောင့်ရှောက်မှု ခံယူသီတင်းသုံးနေတော်မူသည့် ချမ်းအေးသာစံမြို့နယ်၊ မဟာဝိဇိတာပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနမဟာနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ၊ သက်တော် ၉၆ နှစ်၊ သိက္ခာတော် ၇၆ ဝါအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်၍ အာဟာရဖြည့်စွက်စာများ ဆက်ကပ်လှူဒါန်းခဲ့ပြီး တပ်မတော်စစ်ဆေးရုံမှ တာဝန်ရှိသူများက ဆရာတော်ကြီး၏ ကျန်းမာရေးနှင့်ပတ်သက်၍ အထူးကုပါရဂူဆရာဝန်ကြီးများနှင့် ပါရဂူဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများမှ အနီးကပ်ပြုစုစောင့်ရှောက်ပေးနေမှုနှင့် ကျန်းမာရေးအခြေအနေတိုးတက်ကောင်းမွန်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြီးမှူး၍ အောင်မြေသာစံမြို့နယ် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားအာရုံခံတန်ဆောင်းတွင် ကျင်းပသည့် ၂၀၂၅ ခုနှစ် ကမ္ဘာ့နှစ်သစ်ကူးအခါသမယရက်မြတ်တွင် အန္တရာယ်ကင်းပရိတ်ကြီး(၁၁)သုတ်၊ မဟာသမသုတ်(၇)သုတ်နှင့် ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းဖွင့်ပွဲအခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တက်ရောက်ကြည်ညိုကြပြီး အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပခဲ့ကြောင်းနှင့် အဆိုပါရွတ်ဖတ်ပူဇော်ခြင်းကို ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၁၁ ရက်အထိ နေ့စဉ်နံနက် ၈ နာရီမှ ည ၈ နာရီအထိ ၁၁ ရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









# ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ချယ်ရီပန်းပွဲတော်(၂၀၂၅) ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၁

ချယ်ရီပန်းပွဲတော်(၂၀၂၅)ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လွယ်မွေဒေသ၌ ပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ချယ်ရီပန်းပွဲတော်(၂၀၂၅)အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ချယ်ရီပန်းပွဲတော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) အသေးစား၊ အငယ်စား၊ အလတ်စား MSME ထုတ်ကုန်ပြပွဲ ကိုယ်စား အာခါတိုင်းရင်းသား ကိုယ်စားလှယ် ဦးမင်းညိုက ကျေးဇူးတင်စကား ပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရိုးရာ အကများ၊ တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ချယ်ရီပန်းပွဲတော်တွင် ကပြဖျော်ဖြေပေးကြသော တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ကြပြီး ချယ်ရီပန်းပွဲတော်တွင် ပြသရောင်းချကြသည့် ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်




စာမျက်နှာ ၂၄ မှ

ထို့ပြင် Sky Cable Car နှင့် ဒိုင်နိုဆောဥယျာဉ် (DINOSAUR KINGDOM) ကိုပါ ထပ်မံထည့်သွင်း တည်ဆောက်ဖွင့်လှစ်ထားရှိသည်။ အပန်းဖြေစခန်းအတွင်း Buggy ယာဉ်ငယ်များဖြင့် လှည့်လည်ကြည့်ရှုအပန်းဖြေနိုင်ရေး၊ လာရောက်အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းစေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရသည်။

## စီစဉ်ပြုလုပ်ထား

ယခုနှစ်တွင် လာရောက်အပန်းဖြေသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စွာ အပန်းဖြေနိုင်ရေးနှင့် ပြင်ဦးလွင်၏ သဘာဝအလှအပရှုခင်းများကို ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအတွင်း ကြည့်ရှုခံစားအပန်းဖြေနိုင်ရေးအတွက် သဘာဝရေတံခွန်များအပြင် ပန်းအလှဆင်ပညာရှင်များက ဒေသပန်းမျိုးရင်းများ၊ ပန်းမျိုးစိတ်များဖြင့် တီထွင်ဖန်တီးထားသည့် ပန်းအလှဆင်ပြကွက်များဖြစ်သော BE.FALLS logo နှင့် 3D ရုပ်လုံးကြကနုတ်ပြကွက်များ၊ မိသားစုနှင်းဆီပြကွက်၊ ဝက်ပါပန်းခင်းပြကွက်၊ UFO ပြကွက်၊ အသည်းနှစ်ထပ်ပန်းခင်း ပြကွက်၊ ပန်းစကြာပုံစံပြကွက်၊ ရေလှိုင်းပုံစံပန်းလျှောက်လမ်းပြကွက်အပြင် ပန်းများဖြင့် အလှဆင်ထားသော စက်ဘီး၊ ပန်းလှည်းများ၊ အသည်းပုံ Photo Booth ပန်းခုံးများ၊ လိပ်ပြာပုံများ စသည်တို့ဖြင့် အလှဆင်ထားသည့် BE.FALLS ၏ ပန်းပွဲတော်ကိုလည်း စီစဉ်ပြုလုပ်ထားရှိကြောင်း သိရသည်။

## စည်ကားများပြားလျက်ရှိ

ယခုအခါ နှစ်သစ်ကူးရုံးပိတ်ရက်ကာလဖြစ်သည့် အားလျော်စွာ ပြင်ဦးလွင် ဒေသခံပြည်သူများသာမက ပြည်တွင်းပြည်ပ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များအနေဖြင့် မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော်လည်းကောင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ အေးချမ်းပျော်ရွှင်စွာ လာရောက်လည်ပတ်အပန်းဖြေအနားယူလျက်ရှိသည်။ ပန်းပွဲတော်ကာလအတွင်း ရုံးပိတ်ရက်များတွင် နေ့စဉ်လူဦးရေ တစ်သောင်းကျော်ခန့် လာရောက်လည်ပတ်လျက်ရှိပြီး အပန်းဖြေစခန်းအတွင်းရှိ သဘာဝရေတံခွန်အလှအပများ၊ BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း စိုက်ပျိုးထားရှိသော ပန်းအလှများနှင့် အမှတ်တရ အလှဓာတ်ပုံရိုက်ကူးခြင်း၊ အပန်းဖြေခြင်းများ၊ Sky Cable Car စီးနင်းခြင်း၊ LED မှန်တံတား ဖြတ်သန်းခြင်း၊ တောတွင်းလျှောက်လမ်းနှင့် Floating Jigsaw ဖြတ်သန်းခြင်း၊ ဒိုင်နိုဆောဥယျာဉ်အတွင်း ကြည့်ရှုခြင်း၊ ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုအား ကြည့်ရှုခြင်းများအပြင် BE.FALLS Music Band နှင့် Unplugged တေးသီချင်း သီဆိုခြင်းများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းများကဲ့သို့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်၊ ဓာတ်ပုံ - ခရိုင်(ပြန်/ဆက်)



ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုအား လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။



BE.FALLS ပန်းပွဲတော်ဧရိယာအတွင်း လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။



LED မှန်တံတား ဖြတ်သန်းကြသူများကို တွေ့ရစဉ်။



အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း အပန်းဖြေလည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

# အောင်လံမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှု လိုက်လံကြည့်ရှုစစ်ဆေး



**အောင်လံ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်အဆင့်တာဝန်ရှိသူများသည် ယမန်နေ့ နံနက်ပိုင်းတွင် အောင်လံမြို့ စိုက်ပျိုးရေးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း ဆောက်လုပ်သည့်နေရာအား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးပညာပေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းအား တာဝန်ယူဆောင်ရွက်လျက်ရှိသည့် TTY Co.Ltd နှင့် Heim Hlyan Soe Co.Ltd တာဝန်ခံများမှ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေအား ရှင်းလင်းပြသခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်မှ အောင်လံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးပညာပေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်းလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ပြီး ဆောက်လုပ်ပြီးစီးသောစာသင်ဆောင်အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကြက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ကြက်မွေးမြူရေးလုပ်ငန်းရှင်များက ကြက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်မွေးမြူရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကြက်မွေးမြူရေးဇုန်အတွင်း ကြက်များ မွေးမြူထားရှိမှုအား ကြည့်ရှုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် (၂၀၂၃ -၂၀၂၄) (၂၀၂၄ -၂၀၂၅) ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ရေအရင်းအမြစ် အောင်လံမြို့နယ်၊ နံ့ဇူပင်လျှပ်စစ်ရေတင်လုပ်ငန်းတွင် 227.4 Kw ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

အာကာ(ပြန်/ဆက်)



## နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသသို့ ကထိန်ပစ္စည်းများ ပေးပို့လှူဒါန်း

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန၊ ပဓာနနာယက ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ် နာယက ဆရာတော် ဘဒ္ဒန္တတိက္ခအဘိဓဇ မဟာရဋ္ဌဂုရု ဦးဆောင်သည့် (၁၇) ကြိမ်မြောက် ကထိန်တော်ဖြစ်မြောက်ရေးအဖွဲ့သည် နယ်စပ်ဒေသအသီးသီးရှိ သာသနာပြုဘုန်းတော်ကြီးကျောင်းများသို့ ကထိန်လှူဖွယ်ပစ္စည်းများအား K Pay ဖြင့်လည်းကောင်း၊ လမ်းပန်းဆက်သွယ်မှုကောင်းသောဒေသသို့ ကထိန်အိတ်များဖြင့်လည်းကောင်း ပေးပို့လှူဒါန်းလျက်ရှိရာ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ ကထိန်လက်ခံရရှိသည့် အရှင်သူမြတ်အား လှူဖွယ်ကထိန်ပစ္စည်းနှင့် အတူဥက္ကဋ္ဌကိုယ်စားကော်မတီဝင် ဒေါ်စိန်စိန်အေးနှင့်အဖွဲ့က ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ အသင်းရုံးသို့ ကိုယ်တိုင်မကြွရောက်နိုင်သည့်ဒေသများဖြစ်သည့် တနင်္သာရီတိုင်း ကော့သောင်းမြို့ရှိ ပုလုံးတုံလုံးရွာ ဘုန်းကြီးကျောင်း၊ အေးရိပ်ငြိမ်ရပ်ရှိ ဘုန်းကြီးကျောင်း၊ ရွှေပြည်သာဘုန်းကြီးကျောင်း၊ အောင်ဇမ္ဗူဘုန်းကြီးကျောင်း၊ မလိဝမ်းကျေးရွာရှိ ဘုန်းကြီးကျောင်း၊ အေးမြကံသာဘုန်းကြီးကျောင်း၊ မြို့ဦးသာသနာ့ရိပ်သာ(၃)မိုင်ကျောင်း၊ စုစုပေါင်း (၇)ကျောင်းနှင့် ကရင်ပြည်နယ် သံတောင်ကြီးရှိ ပုဏ္ဏားစခန်းကျောင်း၊ မြို့တော်ဦးကျောင်း၊ လိပ်သိုကျောက်ပုကျောင်း၊ ဥသျှစ်ကုန်းကျောင်း၊ သံတောင်ကြီးကျောင်း၊ ဘုံတောင်ကျောင်း၊ စုစုပေါင်း(၆)ကျောင်း၊ ပေါင်း ကျောင်း(၁၃)ကျောင်းသို့ ကထိန်လှူဖွယ်အိတ်များ လှူဒါန်းနေကြောင်း တာဝန်ရှိသူထံမှ သိရသည်။ **(အပေါ်ပုံ)**

**(ကဆ)**

## ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ဆောင်ရွက်

**တောင်တွင်းကြီး ဇန်နဝါရီ ၁**

တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရန်၊ အမျိုးသားအားကစားအဆင့်အတန်း တိုးတက်မြင့်မားစေရန်၊ လူတစ်ဦးချင်းစီမှ အစပြု၍ တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်စေရေးနှင့် မြန်မာ့အားကစားလောကအဆင့် တိုးတက်မြင့်မားရေးအတွက် ပြည်သူလူထုပါဝင်သည့် အားကစားလှုပ်ရှားမှုများ ပိုမိုဆောင်ရွက်လာနိုင်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် ဒီဇင်ဘာလူထုအားကစားလှုပ်ရှားမှု စုပေါင်းလမ်းလျှောက်ပွဲနှင့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက် ၅ နာရီက မြို့လယ်လေးလမ်းဆုံစုရပ်တွင် ပြုလုပ်ခဲ့သည်။

မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများသည် မြို့လယ်လမ်းဆုံစုရပ်မှ ပြည်လမ်းအတိုင်း ပျော်ရွှင်စွာ စုပေါင်းလမ်းလျှောက်ခဲ့ကြပြီး စုရပ်သို့ ပြန်လည်ရောက်ရှိလာကာ အကြောလျှော့လေ့ကျင့်ခန်းများဆောင်ရွက်၍ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်း အစီအစဉ်များဖြစ်သည့် အတွဲအမှတ်(၁)နှင့် အမှတ်(၂)တို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

လမ်းလျှောက်ခြင်းသည် ကျန်းမာရေးကို များစွာအထောက်အကူပြုပြီး ယခုကဲ့သို့ ဆောင်းရာသီအချိန်တွင် လမ်းလျှောက်ရန် အကောင်းဆုံးဖြစ်ကြောင်း၊ နံနက်စောစောလမ်းလျှောက်ပါက ဦးနှောက်နှင့် အာရုံကြောကို အားကောင်းစေပြီး အယ်လ်ဇိုင်းမားရောဂါကို ကာကွယ်ပေးကြောင်းနှင့် အသက်ကြီးရင့်သူများတွင် သတိမေ့ရောဂါမဖြစ်အောင်လည်း ကာကွယ်ပေးသည်။

လူထုလမ်းလျှောက်ပွဲ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် အမျိုးသားအားကစားစိတ်ဓာတ်အပြည့်အဝဖြင့် ပြည်သူတစ်ရပ်လုံး လှုပ်ရှားပါဝင်ဆင်နွှဲစေရန်ရည်ရွယ်ကျင်းပရခြင်း ဖြစ်ကြောင်းနှင့် ဒီဇင်ဘာလ၏ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဌာနဆိုင်ရာဝန်ထမ်းများအပြင် ဝန်ထမ်းမိသားစုဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ရပ်ကွက်နေပြည်သူများ ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲလျက်ရှိကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**

## ကြက်သွန်နီအသစ် စတင်ပေါ်၊ အရောင်းအဝယ်ကောင်း၍ ဈေးကောင်းရနေ

**ရေနံချောင်း ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ကြက်သွန်နီအသစ်စတင်ပေါ်နေရာ အရောင်းအဝယ်ကောင်းနေသည့်အပြင် ဈေးကောင်းရနေကြောင်း ကြက်သွန်နီဈေးကွက်မှ သိရသည်။

"ယခုတစ်ပတ်တွင် ဆောင်းရာသီစိုက်ဥစိုက် ကြက်သွန်နီအသစ်တစ်ပိဿာလျှင်ငွေကျပ် ၂၅၀၀၊ ၂၄၀၀၊ ၂၀၀၀ ပေါက်ဈေးရှိပြီး ဥအနေအထားပေါ် မူတည်၍ ဈေးအနိမ့်အမြင့်ဖြင့် ရောင်းရပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

ဈေးကွက်၌ ကြက်သွန်နီအသစ်ကို ရေနံချောင်းမြို့နယ်ရှိ ပင်းဝကျေးရွာအုပ်စု၊ ဖောင်းကတောကျေးရွာအုပ်စု၊ မာန်မြေကျေးရွာအုပ်စုများ၌စိုက်ပျိုးကြသည်။

ယခုနှစ် ကြက်သွန်နီဈေးကွက်နေ့ကြက်သွန်နီလက်ကျန်နည်းပါးသောကြောင့် အရောင်းအဝယ်လိုက်နေသည်။

ယခုနှစ်၂၀၂၄-၂၀၂၅ခုနှစ် ဆောင်းသီးနှံများတွင် ကြက်သွန်နီ ၃၂၃၈ ဧကကို လျာထားပြီး စိုက်ပျိုးလျက်ရှိရာ ယမန်နေ့အထိ ၂၂၄၁ ဧက စိုက်ပျိုးပြီးစီးကြောင်း ရေနံချောင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနစာရင်းအရ သိရသည်။

(၄၇၂)

၀-၀-၀-၀-၀-၀-၀-၀

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧကထိ စိုက်ပျိုးပြီးစီး

**ပွင့်ဖြူ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၃၀၁၂၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကာ ပန်းတိုင်အထွက်နှုန်းများရရှိရေး ဒေသခံတောင်သူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၊ နှမ်း၊ နေကြာ၊ ပန်းနှမ်း စသည့် ဆီထွက်သီးနှံစုံ ၂၇၉၉၂ ဧက စိုက်ပျိုးရန် လျာထားပြီး ဒေသခံတောင်သူများက ဆီထွက်သီးနှံအလိုက် သတ်မှတ်စိုက်ဧက ပြည့်မီစေရန် ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၃၀၁၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သည်။



ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံစိုက်ပျိုးတောင်သူများကို စိုက်ပျိုးရေး ဦးစီးဌာနက အထွက်နှုန်းများ ကောင်းမွန်ရေးနှင့် အရည်အသွေးကောင်းသော သီးနှံများ ထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိအောင် ချိတ်ဆက်ကူညီပေးခြင်း၊ စိုက်ပျိုးရေးနည်းပညာမျှဝေပေးခြင်း၊ ဓာတ်မြေဩဇာများ စနစ်တကျ သုံးစွဲရေးနှင့်ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနည်းပညာပေးခြင်း စသည့် အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာစပ်ဆက်ဌာနများနှင့် ပူးပေါင်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(၄၄၅)

## ကထိန်အလှူတော်မင်္ဂလာအောင်ပွဲ ရေစက်ချအခမ်းအနား ကျင်းပမည်

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ မဟာဝိဇိတာရာမတိုက်၊ မြဧယျာကုသိုလ်ဖြစ် ဆေးခန်းဖွင့်လျက်ရှိသော စစ်ကိုင်းကျောင်းရှိ ဆရာတော်၊ သံဃာတော်များနှင့် ပင့်သံဃာတို့အား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ကထိန်အလှူတော်မင်္ဂလာအောင်ပွဲ ရေစက်ချအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျင်းပမည် ဖြစ်သည်။

အဆိုပါကထိန်အလှူတော်မင်္ဂလာအောင်ပွဲတွင် မြဧယျာကုသိုလ်ဖြစ်ဆေးခန်း၏ ထာဝရဆေးကုသိုလ်ရှင်များဖြစ်ကြသော ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယကာ ဦးထွန်းဝင်း၊ ဘုရား၊ သိမ်၊ ကျောင်း၊ မုခ်ဦး ဒါယိကာမ ဒေါ်မြမြ မိသားစုနှင့် ညီအစ်ကိုမောင်နှမများက မြဧယျာကုသိုလ်ဖြစ်ဆေးခန်းသို့ လာရောက်ပြသကြမည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင် ဆရာလေးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပြီး ဆေးခန်းလာရောက်ပြသကြသည့် လူပုဂ္ဂိုလ်များ၊ မြဧယျာကုသိုလ်ဖြစ်ဆေးခန်းပွဲကိုင်ရှင် ဆရာတော်၏ တပည့် ဒါယကာ၊ တပည့်ဒါယိကာမများနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ်အပေါင်းတို့အား နံနက်စာဖြင့် ကုသိုလ်ယူလှူဒါန်းသွားမည်ဖြစ်ရာ အလှူရှင်မိသားစုများနှင့်အတူ ရေစက်ချတရားနာယူကြွရောက်ကြည်ညိုနိုင်ကြပါရန် မြဧယျာကုသိုလ်ဖြစ်ဆေးခန်း အလုပ်အမှုဆောင်အဖွဲ့က စေတနာရှေ့ထား၍ ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ (၀၅၃)

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန နှစ်သစ်ကူးအထိမ်းအမှတ် တပ်ဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပေး

**မန္တလေး ဇန်နဝါရီ ၁**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအထိမ်းအမှတ်အဖြစ် မန္တလေးတိုင်းဒေသကြီး၊ မီးသတ်ဦးစီးမှူးရုံးရှိ တပ်ဖွဲ့ဝင်များ၊ ဗဟိုမီးသတ်စခန်းနှင့် ချမ်းအေးသာစံမြို့နယ် မီးသတ်ဦးစီးမှူးရုံးရှိ တပ်ဖွဲ့ဝင်များ၊ အမြန်လမ်း စကားအင်းနယ်မြေမီးသတ်စခန်းမှ တပ်ဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်ပေးအပ်ခြင်း၊ အမှတ်တရပစ္စည်းနှင့် ငွေသားများ ကံစမ်းမဲဖောက်ပေးခြင်းကို ဒီဇင်ဘာ ၃၁ ရက် ညနေ ၃နာရီက ချမ်းအေးသာစံမြို့နယ် ၈၀လမ်းနှင့် ၂၉လမ်း ထောင့်ရှိဗဟိုမီးသတ်စခန်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။(၀၄၅)



## စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲများ ကျင်းပ

**မိုင်းဖြတ် ဇန်နဝါရီ ၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ မိုင်းဖြတ်မြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီ၊ ကျပန်းစကားပြောပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(မိုင်းဖြတ်)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြိုင်ပွဲများအလိုက် တာဝန်ကျ ဆရာ၊ ဆရာမများက ပြိုင်ပွဲဝင်စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲများကို ဆက်လက်ကျင်းပပြုလုပ်ရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်အလိုက် စာစီစာကုံး ၁၃ ဦး၊ ကဗျာ ၁၄ ဦး၊ ကျပန်းစကားပြော ၁၀ ဦး၊ ပန်းချီ ၁၇ဦး စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၅၄ ဦးတို့က အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်တွင် ရောက်ရှိမည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**
**မြို့နယ်(ပြန်/ဆက်)**

## ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**ကျောက်ဆည် ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြပြီး ကြက်သွန်အဖြူ၊ အနီများလည်း စီးပွားဖြစ်စိုက်ပျိုးလျက်ရှိရာ တောင်နောက်ကျေးရွာတောင်သူတစ်ဦးက စိုက်ပျိုးထားသော ကြက်သွန်အနီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။


ကျောက်ဆည်မြို့နယ် ကြက်သွန်နီ စိုက်ပျိုးတောင်သူများအနေဖြင့် ဥအဝိုင်း(ရွှေဖလား) ဒေသအခေါ် မြစ်သားကြက်သွန်နီမျိုးများအဓိကထားပြီး စိုက်ပျိုးကြကြောင်းနှင့် သီတင်းကျွတ်လဆန်းပိုင်းမှစတင်ကာ ပျိုးပင်များ စတင်ပျိုးထောင်၍ ရက်ပေါင်း ၄၀ အရွယ်တွင် ပြောင်းရွှေ့စိုက်ပျိုးကြောင်း၊ ကြက်သွန်တစ်ဧက ပျမ်းမျှအားဖြင့် ပိဿာချိန် ၂၇၀၀ ထွက်ရှိကြောင်း၊ ထိပ်မောက်(မြင်းခြံ)ကြက်သွန်မျိုးသည် ပိဿာ ၃၀၀၀ နီးပါးထွက်ရှိကြောင်း၊ ကြက်သွန်အသစ်များ များထွက်ရှိပြီဖြစ်၍ ကြက်သွန်ဥအသေး တစ်ပိဿာ ငွေကျပ် ၂၅၀၀၊ ကြက်သွန်ဥအကြီး ငွေကျပ် ၄၂၀၀ ဖြင့် ရောင်းချရသဖြင့် ကြက်သွန်နီ စိုက်ပျိုးအောင်မြင်သူများ အဆင်ပြေလျက်ရှိကြောင်း ကြက်သွန်စိုက်တောင်သူများထံက သိရသည်။

(၄၈၅)

*-*-*-*-*

*-*-*-*-*

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊
စာပေ
လေ့လာစို့။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ဆောင်းခို့ငှက်

* နှင်းရည်ငယ်က စိုစို
ပုလဲလုံးများ တွဲကုံးထားလည်း
ပြန့်ပွားမြူဘော် မြောက်လေဆော်လို့
မြေပေါ်သက်ဆင်း ငွေဇာခင်းမည်
တလင်းမညီ နှင်းပန်းချီနယ်
နာရီရယ် အိုနေသလား
နေ့အခါကို ဝါဆိုလမို့
ညပြာသို ပါတဲ့လေ။

* ဆောင်းခိုဖို့ရာ သက်သက်
ရေပတ်လည်ဝန်း ဝဲယာကျွန်းမှာ
သာလွန်းပေစွ ငှက်တွေ
လေညင်းတစ်ဝက် ငွေနှင်းစက်ကြောင့်
ခြွင်းချက်က ငယ်သော်လည်း
အပျော်မတွဲ အဖော်ကွဲလျှင်တော့
ဖြစ်ခဲဖွယ်လား။

* ပန်းများရယ်က ဝေဝေ
ချယ်ရီထပ်ထပ် တောင်ဇလပ်တို့
တိမ်ရပ်မှာနေသည်
သဇင်လည်းကြွေ ပန်းတစ္ဆေလို
စိတ်ဖြေမပျော်လျှင်
အတော်အသင့် အပေါ်မြင့်မှာတော့
မျှော်လင့်နိုင်သကို
ခရမ်းခွာညို ပန်းပြာသိမ့်လည်း
အပျိုမျှော်စောင့်။

* မှိုင်းပြလို့သာ မှုန်မှုန်
ဆောင်းတွင်းမြေပြင် နှင်းပလ္လင်ကြောင့်
အမြင်မတော် ရှင်မပျော်နိုင်ဘု
ကြင်ဖော်ထွက်ပြေး ငှက်ကလေးရယ်
အမွှေးရယ်က တုန်သည်
အသိုက်ငယ်မြုံ အတူဆုံဖို့
ခိုလှုံချင်သား လူအလားကွယ်
ရွှေအားရယ်ငယ် မကယ်နိုင်ဘု
ဥတုကြောင့်လေး။ ။

ဇော်ဝင်း(မဇ္ဈိမ)

# သတင်းပဒေသာ

## တိုင်းရင်းသားရေးရာ အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲက နမ့်လစ်ကျေးရွာအုပ်စု၊ လွယ်ဆိုင်းကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမျိုးထွန်းတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးအန္တရာယ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူမှုရေးပင်စင်တို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များကို အသိပညာပေး ဟောပြောရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ ကောက်သစ်စားပွဲ ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မောက်မယ်မြို့နယ်၊ ကွန်ကျိုင်းရပ်ကွက်ရှိ ကွန်ကျိုင်းဘုန်းတော်ကြီးကျောင်း၌ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်မှ ကြီးမှူးကျင်းပသည့် ရှမ်းရိုးရာဓလေ့ထုံးတမ်းစဉ်လာများအရ အဆိုပါ ကွန်ကျိုင်းကျောင်းတွင် ဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲကို ယမန်နေ့ ညနေ ၆ နာရီက ကျင်းပသည်။

ထိုဝါကျွတ်ပွဲ(ခေါ်)ကောက်သစ်စားပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုရှိ ကျေးရွာများက အလှူပစ္စည်းများ ထည့်ဝင်ထားသည့် ပဒေသာပင်များဖြင့် ရှမ်းရိုးရာဗုံမောင်းများတီး၍ ထိုကျောင်းအား လှည့်လည်ပူဇော်ခံကန်တော့ကြပြီး ပျော်ပွဲရွှင်ပွဲများဖြင့်လည်းကောင်း ညပိုင်းတွင် ကွန်ကျိုင်းရပ်ကွက် လူငယ်လေးများက တိုင်းရင်းသားရိုးရာအလှအကများဖြင့် သီဆိုဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သတင်းရေးသား နည်းသင်တန်း ဖွင့်လှစ်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဓာတ်ပုံဝန်ထမ်းများနှင့် သတင်းရေးဝါသနာပါသော ဝန်ထမ်းများ သတင်းရေးသားရာတွင် နည်းစနစ်မှန်ကန်စေရန်၊ လွယ်ကူအဆင်ပြေစေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားသည့် သတင်းရေးသားနည်းသင်တန်းကို ယမန်နေ့ မွန်းလွဲပိုင်းက Online စနစ်ဖြင့် ဖွင့်လှစ်သင်ကြားခဲ့ရာ နေပြည်တော်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူးဒေါ်ခင်မာဖြူက သင်တန်းဖွင့်လှစ်သင်ကြားပေးရခြင်း ရည်ရွယ်ချက်များကို ပြောကြားပြီး သင်တန်းတွင် သင်ကြားပို့ချမည့် သင်ခန်းစာများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် Online သင်တန်းတွင် ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်မာဖြူက သတင်းရေးသားမှုနှင့်ပတ်သက်၍ အသေးစိတ်ရှင်းလင်းသင်ကြားပေးခဲ့ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လွတ်လပ်ရေးနေ့အကြို အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မက်မန်းမြို့နယ်တွင် ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့အကြို အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးကျင်းပ၍ ယမန်နေ့နံနက် ၉ နာရီက မြို့နယ်မီးသတ်စခန်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရန်ပိုင်ဖြိုးက ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲဝင်စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်မည့်အသင်းများက အလှည့်ကျမဲနှိုက်၍ ပြိုင်ပွဲအားဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဗောဓိငါးထောင်ဘုရားသို့ ဘုရားနှင့် ထီးတော်လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် ဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းနှင့် နယ်စပ်တောင်တန်းဒေသနှင့် ကမ်းရိုးတန်းဆရာတော် ဘဒ္ဒန္တတိက္ခအဘိဇေမဟာရဋ္ဌဂုရုဦးဆောင်သည့် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံးသို့ ဘုရားတစ်ဆူ ငွေကျပ် ခုနစ်သောင်း၊ ထီးတော်တစ်လက်ငွေကျပ် ခြောက်သောင်းငါးထောင်ဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိနေသည်။ မန္တလေး၊ ဝေးချိုကျောင်းတိုက်ရဟန်းစာဆိုဘဒ္ဒန္တဝိမလ(လူမှုထူးချွန်ဒုတိယအဆင့်)က တန်ဖိုးတစ်သိန်းသုံးသောင်းငါးထောင်ကျပ်ရှိ ဘုရားတစ်ဆူ၊ ထီးတစ်လက်ကို ယမန်နေ့က ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး(မန္တလေး)ကို လာရောက်လှူဒါန်းရာ အသင်းဥက္ကဋ္ဌကိုယ်စားအသင်းကော်မတီဝင် ဦးထွန်းမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေး၊ ၆၈(ဘီ)လမ်းနှင့် ၁၁၁ လမ်းနှင့် ၁၁၂ လမ်းကြားနေ အလှူရှင် ဦးကျော်သန်းဦး+ဒေါ်သန္တာထွန်း မိသားစုက ဘုရားတစ်ဆူ၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးကျော်သာ+ဒေါ်ခင်မေအားရည်စူး၍ ကျန်မိသားစုက ထီးတစ်လက်၊ မန္တလေး၊ မဟာအောင်မြေမြို့နယ်နေ အလှူရှင် ဦးဖြူ+ဒေါ်စန်းစန်း(လှိုင်းသစ်လျှပ်စစ်)မိသားစုက ဘုရားတစ်ဆူ၊ ပြင်ဦးလွင်နေ အလှူရှင် စိုင်းအောင်သူရက (Facai)အား ရည်စူး၍ ဘုရားတစ်ဆူ အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး– ကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ဒီဇင်ဘာ ၁၈ ရက် အလှူရှင် မန္တလေးနေ ဦးခင်မောင်မြင့်+ဒေါ်မြင့်မြင့်အေးမိသားစုက ကျောက်ကပ်ဆေးနေသော သံဃာ၊ သီလရှင်တို့အတွက် အလှူငွေကျပ် ငါးသိန်းတိတိ လှူဒါန်းရာ နာယကဂုဏ်ထူးဆောင်ပါမောက္ခဒေါက်တာ ဦးမိတ်၊ ဆရာကြီးဦးတင်မောင်၊ ဝဏ္ဏကျော်ထင်သီရိပျံ့ချိ ဦးမောင်ကို၊ မဟာသဒ္ဓမ္မဇောတိကဓဇဂေရိုတ် ဦးမြဝင်း၊ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုဓမ္မမဏိဇောတဓရ ဦးစိုးလင်းနှင့် တာဝန်ရှိသူတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ (ကဆ)



မျက်စိလျှကြ မျက်ကြည်ရ
မြတ်သည့် လှူဒါန ။

## ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် လှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ ကျောင်းအုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ ဘဒ္ဒန္တကေသဝ(ဓမ္မာစရိယ၊ B.A)က ကောင်းမှုကုသိုလ်အစုစုတို့အတွက် ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး မန္တလေး၊ အလှူရှင် ဒေါ်မြရီ(သီတာအေး ဆီစက်)မိသားစုက ဒေါ်မြရီ၏ မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ငွေကျပ်သိန်း ၇၀၊ ဖြည့်စွက်လှူဒါန်းငွေကျပ် ဆယ်သိန်း၊ စုစုပေါင်းငွေကျပ် သိန်း ၈၀ကို လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အဆိုပါ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော် အမှူးပြုသော ကထိကဆရာတော်များ၊ သင်တန်းသားသံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကာ ဆရာတော်သံဃာတော်များအား တစ်ပါးချင်းစီ နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ဝဲပုံ)**

**(ဝ၃၆)**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၊ ထန်းသုံးပင်ကျေးရွာ၊ အရိယဝံသမိုးကုတ်ဝိပဿနာရိပ်သာ၏ အလုပ်အမှုဆောင် ဒေါ်မြင့်ကြည်သည် မြတ်ချယ်ရီဆေးရုံကြီး၌ ယမန်နေ့ နံနက်ပိုင်းက ကျန်းမာရေးစောင့်ရှောက်မှုခံယူလျက်ရှိရာ အဆိုပါ ရိပ်သာ၏ အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်ထွေး(နေစွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)အလုပ်အမှုဆောင်များဖြစ်ကြသော ဒေါ်တင်တင်ဝင်း၊ ဒေါ်ခင်မြင့်ကြည်၊ ဒေါ်သီတာအေးတို့က ငွေကျပ် ရှစ်သိန်းခုနစ်သောင်းငါးထောင်အား ဆေးဝါးကုသမှုခံယူနေသော အလုပ်အမှုဆောင် ဒေါ်မြင့်ကြည်ထံ ထောက်ပံ့လှူဒါန်းစဉ်။

(ဝ၅၃)



# ကြိုးကြီးချိတ်ကို ဝတ်ဆင်လို့ မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစို့

**ပိုးစစ်ကြိုးကြီးချိတ် ယဉ်ကျေးမှု**

ဝါကျွတ်ပြီးချိန်မှစ၍ မင်္ဂလာဆည်ခံပွဲများ တန်းစီလျက်ရှိသည်။ ထို့ပြင်ကထိန်ပွဲများကလည်း အပြိုင်အဆိုင်ပင်၊ တစ်ခါတစ်ရံ ရှင်ပြု-နားသ အလှူပွဲများကလည်း ရှိနေပြန်သေး၏။ ထိုပွဲများနှင့် သကြန်ပွဲများ၊ ဘွဲ့နှင်းသဘင်ပွဲများနှင့် နိုင်ငံတော်အခမ်းအနားပွဲများတွင် မပါမဖြစ် အဓိကပါဝင်သည်မှာ မြန်မာ့ရိုးရာပိုးချိတ်အထည်များပင် ဖြစ်သည်။

မြန်မာနိုင်ငံရှိမြို့များသည် ၎င်းတို့၏ ဂုဏ်ပုဒ်နှင့် ၎င်းတို့ထင်ရှားကြသည်။ ပုသိမ်မြို့တွင် ပုသိမ်ထီးလုပ်ငန်း၊ စစ်ကိုင်းမြို့တွင် ငွေထည်ပစ္စည်းလုပ်ငန်း၊ အမရပူရမြို့ဟုဆိုလျှင် ပိုးထည်ချည်ထည်လုပ်ငန်းဖြင့် ထင်ရှားသည်။

ချည်ထည်ကို ဝါပင်မှရသော ချည်မျှင်ဖြင့် ရက်လုပ်သည်။ ပိုးထည်ကို ပိုးကောင်ကလေးများမှထွက်သော ပိုးချည်မျှင်ဖြင့် ရက်လုပ်သည်။ ပိုးထည်ရက်လုပ်ခြင်းကို လွန်ခဲ့သောနှစ်ထောင်ပေါင်းများစွာကတည်းက တရုတ်လူမျိုးများမှ စတင်တွေ့ရှိခဲ့သည်။ ပိုးစာပင်များကို စိုက်ပျိုး၍ ပိုးကောင်များကို မွေးမြူကာ ပိုးချည်ထုတ်လုပ်ရသည်ဖြစ်ရာ ပိုးထည်မှာ အလွန်ရှားပါးပြီး အဖိုးတန်သည်။ အမရပူရမြို့တွင် ပိုးထည်၊ ချည်ထည်များ ရက်လုပ်ကြသည်။

**ရက်ကန်းအစ အမရပူရမြို့က**

မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်မှ ၁၁၉၉ ခုနှစ်အတွင်း ဘကြီးတော်မင်း စိုးစံစဉ် သားတော်အိမ်ရှေ့ဥပရာဇာမင်းသားသည် မဏိပူရပြည်၊ အာသံပြည်များသို့သွားရောက်၍ စစ်ပြုပြီးလျှင် စစ်နိုင်၍ပြန်ရောက်လာ ထိုဒေသများမှ ကသည်း ရက်ကန်းပညာရှင်များကို ခေါ်ဆောင်လာခဲ့သည်။ အမရပူရနှင့် စစ်ကိုင်းရှိ ရက်ကန်းသည်များအား ကြိုးချိတ်အထည်ရက်လုပ်ခြင်းပညာကို သင်ကြားစေခဲ့သည်။ 'လင်ဇင်းအက္ကဘတ်' ဆိုသူ ရက်ကန်းပညာရှင်ကြီးမှ ကြိုးချိတ်အထည်ရက်လုပ်ခြင်းပညာကို သင်ကြားပေးခဲ့သည်။ ထိုအချိန်မှစ၍ အမရပူရ ကြိုးချိတ်အထည်ရက်လုပ်ခြင်းလုပ်ငန်းမှာ ထင်ရှားလာသည်။ ထိုခေတ်အခါက 'ကြိုးချိတ်အစ မဏိပူရက' ဟူ၍လည်းကောင်း၊ 'အချိတ်ကြီးအစ ဘကြီးတော်ဘုရားလက်ထက်က' ဟူ၍ ဆိုစမှတ်ရှိခဲ့သည်။

အမရပူရခေတ်၏ ကြိုးချိတ်အထည်ရက်လုပ်မှုမှစ၍ မန္တလေးရတနာပုံခေတ်သို့ ရောက်ရှိသည့်အချိန်တွင် ကြိုးချိတ်အဆင်ဒီဇိုင်းများ တိုးတက်ကျယ်ပြန့်လာသည်။ ဆန်းပြားသော ဒီဇိုင်းများကို ရက်လုပ်လာနိုင်သဖြင့် ရက်ကန်းပညာသည် အမရပူရတွင် သန္ဓေတည်မွေးဖွားလာပြီး ရတနာပုံခေတ်တွင် တိုးတက်ထွန်းကားလာသည်ဟု ဆိုနိုင်သည်။

**ကြိုးကြီးချိတ်အထည်၏ သမိုင်းအစ**

ကြိုးချိတ်အဆင်အထည်ကို အစောဆုံးတွေ့ရသည့်ခေတ်မှာ သရေခေတ္တရာမြို့ဟောင်းကို တူးဖော်စဉ် တွေ့ရှိရသော နတ်ရုပ်တွင်ဝတ်ဆင်ထားသော ပုဆိုး၌ အချိတ်ဒီဇိုင်းများပါရှိနေသည်ကို ထောက်၍ သရေခေတ္တရာခေတ်တွင် ကြိုးကြီးချိတ်အထည်များ ဝတ်ဆင်နေပြီဟု ဆိုနိုင်သည်။ နောက်ပိုင်း ပုဂံခေတ် စောလူးမင်းကြီး၏ပုထိုးသားများ ဘုရားတွင်ရေးဆွဲထားသော ပန်းချီပုံ၌ မိဖုရားငယ်တစ်ပါး အချိတ်ထမီကို ဝတ်ဆင်ထားသည်ကို တွေ့ရှိရသည်။ ကုန်းဘောင်စစ်သားမင်းကြီးလက်ထက် တည်ထားသော အပယ်ရတနာဘုရားကြီးမှ 'တာရာဒေဝီ' ပန်းချီပုံတွင် ချိတ်ထမီဝတ်ဆင်ထားသည်ကို အထင်အရှားတွေ့ရသောကြောင့် ပုဂံခေတ်တွင် ချိတ်ထမီများဝတ်ဆင်နေပြီဟု အခိုင်အမာပြောနိုင်သည်။

ထို့ပြင် ပျူခေတ်ပိုးမြို့ဟောင်းမှ တွေ့ရှိသော အိုးခြမ်းပွဲများတွင် အချိတ်ဒီဇိုင်းကောက်ကြောင်းများ ရှိနေခဲ့ပြီဖြစ်သည်။ ထို့ကြောင့် အချိတ်ဒီဇိုင်းသည် မြန်မာ့မြေတွင် မြို့ပြနိုင်ငံများ စတင်ထူထောင်ချိန်မှစ၍ သန္ဓေတည်လာခဲ့သည်ဟု ဆိုနိုင်သည်။

**လွန်းရာကျော် ကြိုးကြီးချိတ်ဆိုသည်မှာ**

အချိတ်အထည်များရက်လုပ်ရာတွင် အမရပူရမြို့ စတင်ခဲ့သော်လည်း မန္တလေးရတနာပုံခေတ်တွင် ပို၍အရောင်အသွေးစုံလင်ခမ်းနားဆန်းပြားစွာ ရက်လုပ်လာကြသည်။ ရက်လုပ်ရာတွင် လွန်း(၁)ရာကျော်၊ ကြိုးကြီးနှင့် အချိတ်ပုံဟူသော ဝေါဟာရများ ပေါင်းစပ်၍ ထုတ်လုပ်ရသဖြင့် လွန်းရာကျော် ကြိုးကြီးချိတ်ဟုခေါ်သည်။ လွန်းရာကျော်ဆိုသည်မှာ ကြိုးချိတ်အထည်ကို လွန်း(၁)ရာကျော် (သို့မဟုတ်)လွန်း(၂)ရာကျော်ဖြင့် ရက်လုပ်ရသဖြင့် 'လွန်းရာကျော်' ဟုခေါ်တွင်ခြင်းဖြစ်ပြီး လွန်းငယ်ပေါင်း(၁) ရာမကျော်ပါက 'လွန်းရာကျ' ဟု ခေါ်တွင်သည်။ အရန်ကြိုး၊ အပြည့်ကြိုး၊ ကြိုးငယ်၊ ကြိုးကြီးများဖြင့် အထည်၏အဆင်တွင် အကွေ့အကောက်၊ အတွန့်အလိမ်များကို 'ကြိုး' ဟု ခေါ်သည်။ 'အချိတ်' ဆိုသည်မှာ ရက်လုပ်သောနည်းဖြစ်သည်။ လွန်းငယ်ပေါင်း ၁၀၀ ကျော်အောင် သုံး၍ တစ်ပင်နှင့်တစ်ပင်(တလွန်းနှင့် တလွန်း)



ချိတ်ဆက်ယှက်ရသဖြင့် အချိတ်ဟုခေါ်ခြင်းဖြစ်သည်။

ဤနည်းဖြင့် ရက်လုပ်သောအထည်ကို လွန်းရာကျော် ကြိုးကြီးချိတ်အထည်ဟုခေါ်သည်။ မန္တလေးမြို့ရှိ ပြတိုက်များတွင် ပြသထားသော ပျဉ်းမနားမင်းသားနှင့် စုဖုရားလက်ဝတ်ဝတ်ဆင်ထားသော ပိုးအစစ်ကြိုးကြီးချိတ်အထည်မှာ လွန်းငယ်ပေါင်း ၂၆၄ လွန်းအထိ အသုံးပြုရက်လုပ်ထားသဖြင့် အလွန်အဆင့်အတန်းမြင့်မားပြီး ကျက်သရေရှိလှသည်။

**ခေတ်အဆက်ဆက်**
**ကြိုးကြီးချိတ်ရက်လုပ်သော ဒေသများ**

ကြိုးကြီးချိတ်ကို ခေတ်အဆက်ဆက် ရက်လုပ်ခဲ့ကြရာ ညောင်ရမ်းခေတ်၊ ဟံသာဝတီမင်းလက်ထက်တွင် 'အင်းဝ'၊ အလောင်းမင်းတရားကြီးလက်ထက်တွင် 'ရွှေဘို၊ အင်းဝ' ကုန်းဘောင်ခေတ် ဆင်ဖြူရှင်မင်းလက်ထက်တွင် အင်းဝ၊ အမရပူရ'၊ အမရပူရခေတ် ဘိုးတော်မင်းလက်ထက်တွင် 'အင်းဝ၊ အမရပူရနှင့် စစ်ကိုင်း'၊ ဘကြီးတော်မင်းလက်ထက်တွင် 'အင်းဝ၊ အမရပူရနှင့် စစ်ကိုင်း'၊ ပုဂံမင်းလက်ထက်တွင်'အမရပူရ၊ စစ်ကိုင်း'၊ ရတနာပုံခေတ် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်တွင်'အမရပူရ၊ မန္တလေး၊ စစ်ကိုင်း'တို့ ဖြစ်သည်။ ထိုခေတ်အခါက ပိုးစစ်ကြိုးကြီးချိတ်အထည်များကို ဘုရင်နှင့် မိဘုရားများသာ ဝတ်ဆင်ခွင့်ရှိသည်။ ထို့ကြောင့် 'ရှင်ဘုရင်ပုဆိုးပိုး'ဟူသော စကား ပေါ်ထွန်းခဲ့ခြင်း ဖြစ်သည်။ ဘုရင်ဝတ်ဆင်ပြီး ဝတ်လဲတော်များကိုသာ မောင်းမအခြွေအရံ၊ စစ်သူရဲကောင်းများအား ဆုလာဘ်အဖြစ် ချီးမြှင့်လေ့ရှိသည်။

**အမရပူရမြို့နှင့်**
**ပိုးစစ်ကြိုးကြီးချိတ် ထုတ်လုပ်မှု**

အမရပူရမြို့တွင် ရွှေဆင်တိုင်း၊ သီဂီရွှေဝါ၊ ဒေါ်စောရှင်၊ နေလ၊ မြခွာညို၊ သဇင်နွယ်၊ ရွှေယမင်း၊ ငွေဇင်ယော်၊ မိုးထိန်နန်းတော်၊ ပန်တော်ထိုက်၊ ရွှေကုံကော်၊ ခင်ခင်၊ မြတ်ပိုးအိမ် စသော ပိုးထည်တိုက်များမှ ပိုးစစ်ချိတ်အထည်များကို ထုတ်လုပ်ရောင်းချလျက်ရှိသည်။ ပိုးစစ်ကြိုးကြီးချိတ်တစ်ထည်ရက်လုပ်ရန် ရက်ကန်းတစ်စင်လျှင် ရက်ကန်းရက်သူ နှစ်ဦးတစ်ပြိုင်နက်တည်း ရက်လုပ်ရသည်။ ပိုးစစ်ကြိုးကြီးချိတ် တစ်ကွင်းရရန် အချိန် ၁ လမှ ၁ လခွဲခန့် ကြာသည်။ ရောင်းချသည့်ဈေးနှုန်းမှာလည်း ၆ သိန်းမှ ၁၀ သိန်း၊ သိန်း ၂၀ စသည်ဖြင့် အသီးသီးတန်ဖိုးရှိသည်။ ပိုးစစ်ချိတ်တစ်ထည်သည် ရက်လုပ်ရာတွင် အချိန်ယူရသကဲ့သို့ တန်ဖိုးလည်းရှိလှသည်။

**ပိုးစစ်ကြိုးကြီးချိတ်အထည်**
**တဖြည်းဖြည်း အသုံးနည်းလာခြင်း**

လွန်းရာကျော်ပိုးစစ်ကြိုးကြီးချိတ်များရက်လုပ်ရန် တရုတ်နိုင်ငံမှ ပိုးချည်များကို တင်သွင်းရာ ကုန်ကြမ်းဈေးများ တစ်နေ့တခြား မြင့်မားလာသောကြောင့် ပိုးချည်အစစ်များနေရာတွင် ဖဲချည်များ၊ နိုင်လွန်ချည်များ အစားထိုးရက်လုပ်လာကြသည်။ ၎င်းအထည်များသည် ဒီဇိုင်းအသွင်အပြင်လှပသော်လည်း တန်ဖိုးနည်းခြင်းကြောင့် ယခုခေတ်ကာလတွင် ပိုးစစ်ကြိုးကြီးချိတ်များနေရာတွင် အစားထိုးဝင်ရောက်အသုံးပြုလာကြသည်။

ယခုအခါ နည်းပညာဖွံ့ဖြိုးတိုးတက်လာခြင်းနှင့်အတူ ကြိုက်နှစ်သက်ရာဒီဇိုင်းများကို ကွန်ပျူတာဖြင့် ဒီဇိုင်းဖော်ရက်လုပ်သော အရှေ့တောင်အာရှနိုင်ငံအချို့မှ ပိုးချိတ်ထည်များသည် တန်ဖိုးသက်သာစွာဖြင့် ဈေးကွက်တွင် နေရာယူလာသည့်ကတစ်ကြောင်း၊ ပွဲတက်ပွဲထိုင်များတွင် နိုင်ငံခြားယဉ်ကျေးမှုများဖြစ်သော ဂါဝန်တို၊ ဂါဝန်ရှည်၊ စကတ်တို၊ စကတ်ရှည်၊ ဘောင်းဘီတို၊ ဘောင်းဘီရှည်များ(အနောက်တိုင်းဝတ်စုံများ)ကို ဝတ်ဆင်လာကြသောကြောင့် မြန်မာ့ရိုးရာအချိတ်အထည်များ အဝတ်နည်းလာသည်ကတစ်ကြောင်း မြန်မာရိုးရာ လက်ရက်ကန်းစင်ဖြင့် ရက်လုပ်မှုများ တဖြည်းဖြည်း မှေးမှိန်လာသည်။ သို့သော် ခေတ်အဆက်ဆက် ဖြတ်သန်းတည်ရှိခဲ့ပြီး နိုင်ငံတော်အဆင့်ပွဲများ၊ ရှင်ပြု-နားသပွဲများ၊ မင်္ဂလာဆည်ခံပွဲ၊ ဘွဲ့နှင်းသဘင်ပွဲများတွင် မြန်မာ့ရိုးရာဆင်ယင်ထုံးဖွဲ့မှုများတွင် အရေးပါသောအထည်များအဖြစ် တည်ရှိနေဆဲဖြစ်ရာ မြန်မာ့ရိုးရာယဉ်ကျေးမှုတွင် ဆင်ယင်ထုံးဖွဲ့မှု၏ပြယုဂ်တစ်ခုဖြစ်သော မြန်မာ့ရိုးရာပိုးစစ်ကြိုးကြီးချိတ်အထည်များကို နှစ်သက်မြတ်နိုးတန်ဖိုးထားဝတ်ဆင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းသင့်ကြောင်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား ။ ။ အချိတ်သမိုင်း၊ လွန်းတစ်ရာချိတ် ဦးရွှေထွန်း**



ခိုင်ခန့်(အမရပူရ)

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်အခမ်းအနားများ ကျင်းပ



**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်တွင် လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများ အားကစားကို ခုံခုံမင်မင်ဖြင့် လေ့လာလိုက်စားကာ ကစားလာကြစေရန်နှင့် လွတ်လပ်ရေးနေ့ကို အမှတ်ရစေပြီး တန်ဖိုးထားတတ်စေရန် ရည်ရွယ်၍ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းမှ စတင်ကာ ကျင်းပလျက်ရှိသည်။

(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများအဖြစ် ဘော်လီဘောပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ ချောတိုင်တက်၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများအပါအဝင် အားကစားပြိုင်ပွဲ (၁၂)မျိုး ထည့်သွင်းကျင်းပသွားမှာဖြစ်ကြောင်း မြို့နယ် အားကစားမှူး ဒေါ်နှင်းက ပြောသည်။

အဆိုပါ အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၃၁ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ ကျင်းပသွားမှာဖြစ်ပြီး ဆုရရှိသည့် အသင်းများနှင့် အားကစားသမားများအား လွတ်လပ်ရေးနေ့ အခမ်းအနား၌ ဆုများပေးအပ်ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ) (၅၀၄)**

**မိတ္ထီလာ ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ဒီဇင်ဘာ ၂၆ ရက် နံနက်က ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စာရေးဆရာအသင်း ဥက္ကဋ္ဌ စာရေးဆရာ တင်တော်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်က ပြိုင်ပွဲကျင်းပရခြင်းအကြောင်းနှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲတွင် ထာဝရတည်စေ တို့မြန်ပြည် ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ကဗျာပြိုင်ပွဲတွင် လက်ဆင့်ကမ်းအမွေထိန်းသိမ်းစေ ခေါင်းစဉ်ဖြင့် လည်းကောင်း ကျင်းပခဲ့ရာ ပြိုင်ပွဲကို မြို့နယ်အတွင်းရှိ တက္ကသိုလ်၊ ကောလိပ်များမှ ကျောင်းသား၊ ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။



အဆိုပါ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် တက္ကသိုလ်အဆင့် ဆောင်းပါးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများကို ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ဆောင်းပါးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများ ကျင်းပပြီး ဒီဇင်ဘာ ၂၇ ရက်တွင် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ရာ ၄င်းပြိုင်ပွဲများတွင် ဆုရရှိသူများအား (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၆၉)**



**ပုသိမ်ကြီး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ မီးသတ်ဦးစီးဌာနမှ ဦးဆောင်၍ မြို့နယ်အတွင်းရှိ သန္တေ၊ အရန်တပ်ဖွဲ့ဝင်များဖြင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပခြင်းကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက မြို့နယ်မီးသတ်စခန်းရှိ ကွင်း၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းသန့်က ပြိုင်ပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လွတ်လပ်ရေးနေ့ကို အကြိုဂုဏ်ပြုကြိုဆိုသောအားဖြင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် သန္တေအရန်တပ်ဖွဲ့ဝင်များ စုစုပေါင်း အသင်း ၈ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များဖြစ်သည့် မန်ကျည်းပင်စောက် အရန်မီးသတ်မှ ပထမဆု၊ မိုင်ကုန်းအရန်မီးသတ်မှ ဒုတိယဆုနှင့် ကန်ကောက် အရန်မီးသတ်မှ တတိယဆုတို့ ရရှိခဲ့ကြပြီး တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ် ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ကံမ ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများကို ၂၀၂၅-ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ဇန်နဝါရီ ၄ ရက်အထိ မြို့နယ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများတွင် မာရသွန်အပြေးပြိုင်ပွဲ၊ မီတာ ၅၀၊ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အမြင့်ခုန် အလျားခုန်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ စားပွဲတင် တင်းနစ်ပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲ၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ် သုံးချောင်းထောက်၊ မုန့်စားပြိုင်ပွဲ အစရှိသည့် အားကစားပြိုင်ပွဲများ ပါဝင်ပြီး ဆုရရှိသူများအား ဇန်နဝါရီ ၄ ရက် ညနေပိုင်းတွင် ဆုများကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း အားကစားနှင့်ကာယပညာဦးစီးဌာနမှ သိရသည်။

**(အောက်ပုံ)**

**ဇော်ဝမ်းထွန်း(အောင်လံ)**



**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်တွင် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို မင်းဘူးမြို့ အားကစားနှင့် ကာယပညာဦးစီးဌာမှ ကြီးမှူးကျင်းပသော လူငယ်ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲကို ဒီဇင်ဘာ ၃၁ ရက် ညနေပိုင်းက ကျောက်တန်းကျေးရွာ အားကစားကွင်း၌ ကျင်းပခဲ့သည်။

ရေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ကျောက်တန်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးစန်းယုအောင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အားကစားမှူး ဒေါ်နှင်းက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ပြည်သူတစ်ရပ်လုံး အမှတ်ရနေစေရန်နှင့် လွတ်လပ်ရေးနေ့ကို တန်ဖိုးထားမြတ်နိုးပြီး လူငယ်များ အချင်းချင်း ချစ်ခင်ရင်းနှီးစေကာ မြို့နယ်အဆင့် ပြိုင်ပွဲများမှ ထူးချွန်သော လူငယ်ဘောလုံးသမားများ ပိုမိုပေါ်ထွန်းလာစေရန် ရည်ရွယ်၍ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘောလုံးပြိုင်ပွဲများကို ဆက်လက်ယှဉ်ပြိုင်ရာ ကျောက်တန်းကျေးရွာ(က)အသင်းက Red bull အသင်းအား ၆ ဂိုး ၀ ဖြင့် လည်းကောင်း၊ မောင်းမကန်အသင်းက မယ်ဘော့ကုန်းအသင်းကို ၆ ဂိုး ၂ ဂိုးဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိကြသည်။

ဘောလုံးပြိုင်ပွဲကို အသင်းပေါင်း ၁၄ သင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမရရှိသည့်အသင်းကို ဆုကြေးငွေ ငါးသိန်း၊ ဒုတိယရရှိသည့်အသင်းကို ဆုကြေးငွေ သုံးသိန်းနှင့် တတိယရရှိသည့်အသင်းကို ဆုကြေးငွေကျပ် နှစ်သိန်း ပေးအပ်ချီးမြှင့်သွားမှာဖြစ်ကြောင်း မြို့နယ်အားကစားမှူးထံမှ သိရသည်။

**(ဝဲပုံ) (၅၀၄)**



**မင်းဘူး ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဆွေးနွေးပွဲ Talk Show ကို ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းက မင်းဘူးခရိုင် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါ Talk Show ဆွေးနွေးပွဲတွင် မင်းဘူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ရုပ်သံကျွမ်းကျင် (၃) ဒေါ်မြတ်မြတ်မော်က လွတ်လပ်ရေးနေ့ အသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ချိုချိုဝင်းက လွတ်လပ်ရေးရရှိခြင်း၏ အရသာ၊ လွတ်လပ်ရေးဆိုသည်မှာ၊ နယ်ချဲ့တို့၏ ကျူးကျော်စစ်များ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းအကျဉ်းစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။

မင်းဘူးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ စာပေအသိပညာနှင့် ဗဟုသုတများ တိုးပွားစေရေးအတွက် အွန်လိုင်းမှတစ်ဆင့် အသိပညာပေး Talk Show ဆွေးနွေးပွဲများ၊ ပြည်သူအသိပညာပေး ဝန်ဆောင်မှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ ။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ



## Jacksen Wang ၏ GOT 7 အဖွဲ့ ၂၀၂၅ ခုနှစ်တွင် ပြန်ဆုံမည်

ထိုင်ဝမ်အနုပညာရှင် ဂျက်ဆင်ဝေါင် ပါဝင်သည့် ဂေါ့သ်ဆဲဗင်းအဖွဲ့ ပြိုကွဲသွားပြီးနောက် ၂၀၂၅ ခုနှစ်တွင် Comeback ပြုလုပ်၍ ပြန်ဆုံကြမည်ဖြစ်ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အဖွဲ့တွင် တရုတ်၊ ဟောင်ကောင်၊ ထိုင်း၊ ကိုရီးယား လူမျိုးစုံနှင့် ဖွဲ့စည်းထားသည့် ကေပေါ့ပ်ဂီတအဖွဲ့ဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် GOT 7 အဖွဲ့ဝင်ခုနစ်ဦး လမ်းခွဲခဲ့ကြခြင်း ဖြစ်သည်။

အဖွဲ့ဝင်ခုနစ်ဦးတွင် ဟောင်ကောင်မှ ဂျက်ဆင်ဝေါင်(ခေါ်) ဝမ်ဂျာအော်၊ ထိုင်းမှ ဘန်းဘန်းနှင့် ကိုရီးယားလူငယ်များ ပါဝင်ကြကာ ၂၀၂၅ ခုနှစ် ပထမဆုံးလတွင် (၁၁) နှစ်မြောက် နှစ်ပတ်လည်အဖြစ် ပြန်လည်ထွက်ပေါ်လာခြင်း ဖြစ်သည်။


ကေပေါ့ပ် ဒုတိယ၊ တတိယ မျိုးဆက်ဖြစ်ကြသည့် ဘစ်ဘန်း ထွက်ပေါ်လာပြီးနောက် ဂေါ့သ်ဆဲဗင်းထွက်ရှိလာခြင်းအပေါ် ဂီတချစ်မြတ်နိုးသူများအတွက် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ကာ စောင့်မျှော်နေကြသည်။

(SKY)

0-0-0-0-0-0-0

## Liu ShiShi က Scream Goddess ဆုကို IQIYI Screaming Night 2024 တွင် ရရှိထား

တရုတ်အနုပညာလောကမှ နှစ်ကုန်တွင် ကျင်းပလေ့ရှိသည့် IQIYI ၏ ဇာတ်လမ်းတွဲများအတွက် IQIYI Screaming Night 2024 ပွဲကို မကာအိုတွင် ဒီဇင်ဘာလဆန်းက ကျင်းပခဲ့ရာ အမြင့်ဆုံးဆုဖြစ်သည့် Scream Goddess ဆုကို လျူရှီးရှီးက



ရရှိခဲ့ကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဆုပေးပွဲတွင် အမြင့်ဆုံးဆုဖြစ်သည့် Scream God ကို ချောင်ရီ၊ Scream Goddessကို လျူရှီးရှီးတို့က ရရှိခဲ့ကာ ဆုရရှိသည့် အနုပညာရှင်များ စုံညီစွာ တက်ရောက်ခဲ့ကြသည်။

ယင်းဆုပေးပွဲဖိတ်ကြားရာတွင် ပေါ်ချောင်ကောင်းဇာတ်ကားများ မသွင်းပါနှင့်ဟု ရေးသားထားပြီး ဆုရရှိသူများကိုသာ ဖိတ်ကြားခဲ့သဖြင့် ထူးချွန်အနုပညာရှင်များသာ တက်ရောက်ခဲ့ကြသည်ကို မြင်တွေ့ရပြီး ဆန်းသစ်သော ဖက်ရှင်စတိုင်လ်များဖြင့် တက်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

(SKY)

## John Travolta နှင့် Nicolas Cage တို့ Face /OFF 2 တွင် ဇာတ်ပို့နေရာ ပါဝင်

ဟောလိဝုဒ်အနုပညာလောကတွင် အစဉ်အလာကောင်းခဲ့သည့် ရုပ်ရှင်ဇာတ်ကားများကို ပြန်လည်ရိုက်ကူးထုတ်လုပ်ခဲ့ကြရာ လက်ရှိ Face/ Off ကိုလည်း အပိုင်းနှစ်အဖြစ် ဖန်တီးခဲ့ရာမှ ဂျွန်ထရာဗိုတာနှင့် နီကိုလပ်စ်ကေတို့ ဇာတ်ပို့နေရာမှ ပါဝင်လာဦးမည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဒါရိုက်တာ ဂျွန်ဝူး ရိုက်ကူးထားသည့် တစ်ခေတ်တစ်ခါက အောင်မြင်မှုရရှိထားသော Face/ Off တွင် အဓိကသရုပ်ဆောင် နီကိုလပ်စ်ကေနှင့် ဂျွန်ထရာဘိုတာတို့ ပါဝင်ထားကြကာ အပိုင်းနှစ်တွင်လည်း ယခင်သရုပ်ဆောင်များနှင့်အတူ မျိုးဆက်သစ်အနုပညာရှင် ကက်စတာတိုရီနှင့် ဆမ်အာချာတို့ကို ပွဲထုတ်ထားသည်ဟု ဒန်နရယ်ရစ်ချ်မန်းက ပြောကြားခဲ့သည်။

ယင်းရုပ်ရှင်တွင် နာမည်ကြီးဂန်းစတားတစ်ဦးနှင့် ရဲအရာရှိတစ်ဦးတို့ကြား ပြင်းထန်သည့် ယှဉ်ပြိုင်မှုများကို ရိုက်ပြထားရာ နာမည်ကြီးဟောင်ကောင်ဒါရိုက်တာ ဂျွန်ဝူးက တာဝန်ယူရိုက်ကူးထားသည်။

(SKY)





## Aespa အဖွဲ့၏ Supernova က ၂၀၂၄ ခုနှစ်အတွက် အကောင်းဆုံးစာရင်းဝင် ဖြစ်ခဲ့

၂၀၂၄ ခုနှစ်အတွက် ဘီလ်ဘုတ်မှ ထုတ်ပြန်ထားသည့် Best K Pop Songs of 2024 စာရင်းတွင် နံပါတ်တစ်နေရာ၌ အက်စပါ၏ Supernova က စာရင်းဝင်ခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ စာရင်းတွင် Underrated song နှင့် ကိုရီးယားဘက်မှ Dominated သီချင်းများ ပါဝင်ခဲ့ရာ ထိပ်ဆုံး ငါးဦးစာရင်း၌ အက်စပါ၏ Supernova, အိုင်ယူ၏ Love Wins all, အေတင်းဇက်၏ Ice an My Teeth, ဟာယူအီ၏ Humm Bop နှင့် တွိုက်စ်၏ Plot Twist တို့စာရင်းဝင်ခဲ့ကြသည်။

အိုအင်န်အက်ဖ်၏ Bye My Monster၊ ရက်ဗဲလင့်၏ Cosmic၊ ဖောလစ်နိုင်း၏ Supersonic အေအာရ်တီအမ်အက်စ်၏ Virtual Angel နှင့် ဘီတီ၏ Bam Yang Gang တို့ ပါဝင်ထားကြသည်။

အဆိုပါ အဖွဲ့များအနက် မျိုးဆက်သစ် အက်စပါအဖွဲ့၏ ဂီတစွမ်းရည်ပြည့်ဝမှုကို မြင်တွေ့ကြရသည်။ (SKY)



## စိတ်ဖိစီးမှု၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် စိတ်ကျဝေဒနာကို ခံစားလာရနိုင်သည်ဟု ဆို

စိတ်ဖိစီးမှုသည် လူတို့၏ နေ့စဉ်ဘဝတွင် မိသားစုအရေး လူမှုဆက်ဆံရေး အလုပ်အကိုင်စသည်တို့မှ ကာလတို တွေ့ကြုံရတတ်သော စိတ်တင်းကြပ်စေသော အခြေအနေမျိုးပင် ဖြစ်သည်။

ဆက်ဆံရေးများ ကောင်းမွန်တိုးတက်သွားလျှင် စိတ်ဖိစီးမှုလျော့ကျကာ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ပြန်လည်ကောင်းမွန်သွားစေနိုင်မည်သာ ဖြစ်သည်။

စိတ်ကျရောဂါမှာမူ ကာလတိုသာမက နာတာရှည်ပုံစံဖြင့်လည်း တွေ့ကြုံခံစားရတတ်သော စိတ်ကျန်းမာရေးပြဿနာဖြစ်သည်။

အစ္စရေးနိုင်ငံ ဂျေရုဆလင်မြို့တော် ဟီးဘရူးတက္ကသိုလ်မှ အာရုံကြောသိပ္ပံပညာရှင် ပါမောက္ခ ရတ်ဖ်ယာမီဇာဦးဆောင်သော ပညာရှင်များသည် ယင်းစိတ်ကျန်းမာရေးပြဿနာနှစ်ရပ်ကို နှိုင်းယှဉ်လေ့လာကြည့်ခဲ့ကြသည်။

ထိုသို့လေ့လာရာမှ စိတ်ဖိစီးမှု၏ နောက်ဆက်တွဲဆိုးကျိုးအဖြစ် စိတ်ကျဝေဒနာကို ခံစားလာရနိုင်ကြောင်း မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြောင်း သိရသည်။ SCI



## David Beckhan မိုင်အမ်မီရိကမ်းခြေမှ ဇိမ်ခံစံအိမ်ကြီးဝယ်ယူထား

ကမ္ဘာကျော်ဘောလုံးသမား ဒေးဗစ်ဘက်ခမ်းတို့ စုံတွဲက မိုင်အမ်မီရိကမ်းခြေရှိ ဇိမ်ခံစံအိမ်ကြီးကိုငွေသားဖြင့် ပေးချေဝယ်ယူထားသည်ဟု ဒေးလီးမေးလ်သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါစံအိမ်ကြီးသည် ဒေါ်လာသန်းရှစ်ဆယ်နီးပါးတန်သော ဇိမ်ခံစံအိမ်ကြီးဖြစ်ပြီး ဒေးဗစ်ဘက်ခမ်းနှင့်ဇနီး ဗစ်တိုးရီးယားဘက်ခမ်း အဆိုတော်မော်ဒယ်လ်၊ ကုမ္ပဏီပိုင်ရှင်တို့က ငွေသားဖြင့် ပေးချေဝယ်ယူရာတွင် နာမည်ရင်းနှင့် ဝယ်ယူမှုအပေါ် အိမ်နီးချင်းများက အမြတ်ထွက်လျက်ရှိနေကြသည်။

ယင်းဇိမ်ခံစံအိမ်ကြီးတွင် အားကစား လေ့ကျင့်ခန်းမ၊ အိမ်တွင်းရုပ်ရှင်ရုံနှင့် ရေကူးကန် အပါအဝင်ဇိမ်ခံပစ္စည်းများစွာ ပါဝင်ထားသည်ကို ဗြိတိန်အခြေစိုက် Daily Mail သတင်းဌာနက အသေးစိတ်ဖော်ပြထားသည်။

နာမည်ကျော်ဇနီးမောင်နှံတို့၏ ဇိမ်ခံအိမ်သစ်ကြီးဝယ်ယူမှုအပေါ် ပရိသတ်များက အားကျနေကြသည်ဟုလည်းဖော်ပြထားသည်။

(SKY)

## အကနည်းပြ Lee Jung Lee ၏ အကသင်တန်းသို့ ကျောင်းသားတစ်ဦးအလုပ် လာလုပ်

တောင်ကိုရီးယား၏ အကနည်းပြဆရာမလီဂျောင်လီ၏ အကသင်တန်းသို့ ကျောင်းသားတစ်ဦးအလုပ် လုပ်ကြောင်း သူ၏ အင်စတာဂရမ်တွင် တင်ပေးထားရာ ပရိသတ်များ အံ့အားတသင့်ဖြစ်ခဲ့ကြကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါအကဆရာမ၏ သင်တန်းသို့ ကျောင်းသားတစ်ဦးဖြစ်သည့် ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်းက အကလေ့ကျင့်ရန်၊ အလုပ်လုပ်ရန် ရောက်ရှိလာခဲ့ပြီး ဆရာမနှင့်အတူ အကလေ့ကျင့်သွားခဲ့ရာ ပရိသတ်ဆွဲ့အသွားခဲ့ကြသည်ကို တွေ့ရသည်။

ယင်းသင်တန်းသားမှာ လက်ရှိ သင်တန်းအားလပ်ရက်တွင် အကလေ့ကျင့်ခန်းဆရာမထံ ရောက်ရှိလာရာ တစ်နှစ်အတွင်း ကြံ့ခိုင်သန်မာသော ကိုယ်ခန္ဓာနှင့် ကျွမ်းကျင်စွာ ကပြသွားခဲ့သည်။

အကနည်းပြလီဂျောင်လီ၏ တပည့်သည် အကတွင်သာမက ဂီတပိုင်းဆိုင်ရာတွင်လည်း Winter Ahead နှင့် ကမ္ဘာတစ်ဝန်း ပရိသတ်အားပေးမှုရရှိထားသည်။

(SKY)





## အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟု ခွဲစိတ်ကုသမှုခံယူပြီးနောက် ကျန်းမာလျက်ရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၁**

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နက်တန်ယာဟုသည် မကြာသေးမီက ဆီးကြိတ်ခွဲစိတ်ကုသမှုခံယူပြီးနောက် ကျန်းမာလျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၎င်း၏ဆီးကြိတ်ရောင်ရမ်းမှုကြောင့် ယခင် ရက်သတ္တပတ်နှောင်းပိုင်းက ခွဲစိတ်ကုသမှုခံယူခဲ့ပြီး တာဝန်မှ အနားယူခြင်းမရှိဘဲ ပါလီမန်အစည်းအဝေးသို့ တက်ရောက်ခဲ့သေးသည်။

ဆီးလမ်းကြောင်းထဲ ပိုးဝင်ရာမှ ၎င်း၏ဆီးကြိတ်ရောင်ရမ်းခဲ့ခြင်းဖြစ်သည်ဟု ကုသပေးသော ဆရာဝန်က ရှင်းလင်းပြောပြသည်။

ဘင်ဂျမင်နက်တန်ယာဟု အနေဖြင့် ဂါဇာစစ်ပွဲကာလအတွင်း ကျန်းမာရေးချူချာသော်လည်း ရက်ရှည်အနားယူခြင်းမရှိဘဲ ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လက အူကျရောဂါကြောင့် ၎င်း ဆက်တိုက်ဗိုက်အောင့်နေသဖြင့် ခွဲစိတ်ကုသမှုခံယူခဲ့ရသေးကြောင်း သိရသည်။

**Mon**

## အိတ်ခ်ျစ်လူမှုကွန်ရက်ထဲရှိ အီလွန်မတ်စ်အမည်ကို ကဲကီယပ်စ်မတ်ဇီမတ်စ်ဟု ထူးခြားစွာပြောင်းလဲထား

**ဝါရှင်တန် ဇန်နဝါရီ ၁**

အိတ်ခ်ျစ်လူမှုကွန်ရက်ထဲရှိ အီလွန်မတ်စ်၏အမည်ကို ဇန်နဝါရီ ၁ ရက်က ကဲကီယပ်စ်မတ်ဇီမတ်စ်ဟု ထူးခြားစွာ ပြောင်းလဲထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကဲကီယပ်စ်သည် ကျယ်လောင်စွာအော်ပြီး ရယ်မောသည်ဟု အဓိပ္ပာယ်ရသော လက်တင်ဝေါဟာရကို အခြေခံထားပြီး မတ်ဇီမတ်စ်မှာမူ ဂလေဒီယေတာဇာတ်ကားထဲမှ မင်းသား ရပ်ဆဲလ်ခရိုး သရုပ်ဆောင်ထားသော ဇာတ်ကောင်၏ အမည်နှင့်သက်ဆိုင်လိမ့်မည်ဟု ထင်မြင်ယူဆနေကြသည်။

ကာယကံရှင် အီလွန်မတ်စ်ကိုယ်တိုင်က ရုတ်တရက် နာမည်ပြောင်းရခြင်းအကြောင်းရင်းနှင့်ပတ်သက်၍ ရှင်းမပြဘဲ ငြိမ်သက်နေကြောင်း သိရသည်။ **Mon**

## လက်ရှိ ဆီးရီးယားခေါင်းဆောင် အာမက်အယ်လ်ရှာရာ ပြည်တွင်းခရစ်ယာန်အကြီးအကဲများကို ဖိတ်ခေါ်တွေ့ဆုံ

**ဒမတ်စကတ် ဇန်နဝါရီ ၁**

လက်ရှိ ဆီးရီးယားခေါင်းဆောင် အာမက်အယ်လ်ရှာရာသည် ပြည်တွင်းခရစ်ယာန်အကြီးအကဲများကို ယမန်နေ့က ဒမတ်စကတ်မြို့တော်ရှိ ၎င်း၏ရုံးသို့ အထူးဖိတ်ခေါ်တွေ့ဆုံပြီး စကားပြောခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ဆီးရီးယားနိုင်ငံရှိ ခရစ်ယာန်ဘာသာဝင်အသိုက်အဝန်းကို ကိုယ်စားပြုသည့် ကက်သလစ်၊ အော်သိုဒေါက်စ်နှင့် အင်ဂလီကန်ခရစ်ယာန်ဘုန်းတော်ကြီးများကို အယ်လ်ရှာရာ တွေ့ဆုံခဲ့ခြင်းဖြစ်ကြောင်း အစိုးရ၏ တယ်လီဂရမ်ချန်နယ်တွင် ဖော်ပြသည်။

ထိုနေ့တွင်ပင် ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ယန်းနိုဝယ်ဘာရော့က ဆီးရီးယားနိုင်ငံ၏အသွင်ကူးပြောင်းရေးကာလ၌ မတူကွဲပြားလျက်ရှိသော အသိုက်အဝန်းအားလုံး သာတူညီမျှပါဝင်ခွင့်ရမည်ဟု မျှော်လင့်ကြောင်း ထုတ်ဖော်ပြောကြားသည်။

လက်ဘနွန်နိုင်ငံသို့ ရောက်ရှိကာ ကာကွယ်ရေးဝန်ကြီး ဆဘက်စယန်လီကော်နူနှင့် တွေ့ဆုံစဉ် ၎င်းက ထိုသို့ပြောကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စင်ကာပူအလံလွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်း ဂျပန်အလံလွှင့်ထူထားသော သင်္ဘောနှင့် ဝင်တိုက်

**စင်ကာပူ ဇန်နဝါရီ ၁**

စင်ကာပူအလံလွှင့်ထူထားသော ကုန်သင်္ဘောတစ်စင်းသည် ဂျပန်အလံလွှင့်ထူထားသော သင်္ဘောနှင့် တရုတ်ရေပိုင်နက်အတွင်း ယမန်နေ့က မတော်တဆ ဝင်တိုက်မိခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

စင်ကာပူအလံလွှင့်ထူထားသော ကုန်သင်္ဘောဝမ်းဗိုက် ထိခိုက်ပျက်စီးကာ လောင်စာဆီ ၉ မက်ထရစ်တန် ရေထဲသို့ ထွက်ကျသွားခဲ့သည်။

အခြားသင်္ဘောမှာမူ ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့ပြီး ရှန်ဟိုင်းပင်လယ်ရေကြောင်းဘေးကင်းရေးအဖွဲ့က ထိုသင်္ဘောတိုက်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **Mon**



# STOP AIDS



## သမ္မတ ယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးရတော့မည်ဟု အကျင့်ပျက်မှုစုံစမ်းစစ်ဆေးရေးမှူးချုပ် ပြောကြား

**ဆိုးလ် ဇန်နဝါရီ ၁**

သမ္မတ ယွန်းဆွတ်ယူးလ်ကို ဖမ်းဆီးရတော့မည်ဟု တောင်ကိုရီးယားထိပ်တန်းအရာရှိကြီးများ အကျင့်ပျက်မှုစုံစမ်းစစ်ဆေးရေးမှူးချုပ် အိုဒေါင်ဝန်းက ဇန်နဝါရီ ၁ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဆိုးလ်မြို့တော်၌ သတင်းစာရှင်းလင်းပွဲပြုလုပ်စဉ် ၎င်းက ယင်းကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ယွန်းကို ဖမ်းဆီးရာတွင် ရုန်းရင်းဆန်ခတ် မဖြစ်စေရန်အတွက် မိမိတို့အနေဖြင့် သက်ဆိုင်ရာအထူးရဲတပ်ဖွဲ့နှင့် ဝန်ထမ်းများကို တာဝန်ပေးကာ အဆင့်ဆင့်ညွှန်ကြားထားပြီးဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

ယွန်းကို ဖမ်းဆီးရန် ထုတ်ဆင့်ထားသော ဝရမ်းသက်တမ်းရှေ့အပတ်တွင် ကုန်ဆုံးမည်ဖြစ်ရာ ထိုဖမ်းဝရမ်းအသက်ဝင်နေခိုက်တွင် ဖမ်းဆီးသွားမည်ဖြစ်ကြောင်း အိုဒေါင်ဝန်းက ရှင်းလင်းပြောကြားသည်။

အကယ်၍ ယွန်းဆွတ်ယူးလ် အဖမ်းခံရလျှင် တောင်ကိုရီးယားသမိုင်းတစ်လျှောက်တွင် ရာထူးတာဝန်ထမ်းဆောင်စဉ် ပထမဆုံးအဖမ်းခံရသော သမ္မတအဖြစ် မှတ်တမ်းတင်ရမည် ဖြစ်သည်။

ဒီဇင်ဘာ ၃ ရက်က စစ်အုပ်ချုပ်ရေးသတ်မှတ်ကြေညာခဲ့ခြင်းနှင့်ပတ်သက်၍ ၎င်းကို ပြစ်မှုထင်ရှားစီရင်လျှင် ထောင်ဒဏ်တစ်သက် သို့မဟုတ် သေဒဏ်ချမှတ်ခံရဖွယ်ရှိကြောင်း သိရသည်။ **Mon**

## ပျက်ကျသည့် ဂျယ်ဂျူးလေကြောင်းလိုင်းလေယာဉ်မှ ခရီးစဉ်မှတ်တမ်းသေတ္တာနက်တစ်လုံးကို ဖွင့်ကြည့်နိုင်

**ဆိုးလ် ဇန်နဝါရီ ၁**

ဒီဇင်ဘာ ၂၉ ရက်က တောင်ကိုရီးယားနိုင်ငံ မူအန်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်းတွင် ဘီးချမရသဖြင့် ပြေးလမ်းပေါ်သို့ ဝမ်းဗိုက်ဖြင့် လျှောတိုက်ဆင်းရာမှ ပျက်ကျပေါက်ကွဲခဲ့သော ဘိုးရင်း ၇၃၇-၈၀၀ အမျိုးအစား ခရီးသည်တင်လေယာဉ်မှ ခရီးစဉ်မှတ်တမ်းသေတ္တာနက် နှစ်လုံးအနက် တစ်လုံးအတွင်းရှိ အချက်အလက်များကို ဇန်နဝါရီ ၁ ရက်တွင် ဖွင့်ကြည့်ရယူနိုင်ခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သေတ္တာနက် တစ်လုံးထဲမှ ခရီးစဉ်မှတ်တမ်းအသံဖိုင်များကို ရယူစုဆောင်းနိုင်ခဲ့သော်လည်း အခြားသေတ္တာနက်အတွင်းရှိ အစိတ်အပိုင်းတစ်ခု ချို့ယွင်းနေသဖြင့် ၎င်းကို အမေရိကန်ပြည်ထောင်စုသို့ ပို့ပြီး စစ်ဆေးကြည့်ရှုမည်ဖြစ်ကြောင်း တောင်ကိုရီးယား ပို့ဆောင်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ချို့ယွင်းနေသည်ဆိုသော သေတ္တာနက်ကို စစ်ဆေးရာတွင် ကိုရီးယားပညာရှင်များလည်း ပူးပေါင်းပါဝင်စေမည်ဖြစ်ကြောင်း အမေရိကန်အမျိုးသားပို့ဆောင်ရေးဘေးကင်းလုံခြုံမှုအဖွဲ့က အတည်ပြုသည်။



လေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်ခဲ့သော လေယာဉ်ဝန်ထမ်း အမျိုးသားတစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ထံမှ ထူးခြားသည့် အချက်အလက်များကို မသိရသဖြင့် မှတ်တမ်းသေတ္တာနက်များထဲမှ အသံအချက်အလက်များကို အဓိကထားပြီး ပျက်ကျရသောအကြောင်းရင်းကို အတည်ပြုရမည်ဖြစ်ကြောင်း သိရသည်။

**Mon**



ပနားမားမြို့တော်တွင် အမေရိကန်အုပ်ချုပ်မှုလက်အောက်မှ ပနားမားတူးမြောင်းလွှဲအပ်ရယူမှု (၂၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပသော လူထုစုဝေးပွဲမှ မြင်ကွင်းတစ်ခုကို တွေ့ရစဉ်။ **Mon**



## နွားဘေးမဲ့ဥယျာဉ်သို့ တိရစ္ဆာန်နှင့် အစာများ ပေးလှူ

မန္တလေး ဇန်နဝါရီ ၁

မန္တလေး၊ တောင်စလင်းတိုက်သစ် ဘာဝနာဌာန ပဓာန နာယက ဆရာတော်၊ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်နာယက ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓေမဟာရဋ္ဌဂုရု ဦးဆောင်သည့် ဆည်တော်လေးဘေးမဲ့ ဥယျာဉ်သို့ အလှူရှင် မန္တလေးမြို့နေ မိခင်ကြီး ဒေါ်မြင့်မြင့်ဦးအား အမှူးထား၍ ကိုဇော်မျိုးထက်+မသန္တာဆွေ(ရွှေမြမင်းပုဆိုး)၊သား မောင်အောင်ကောင်းမြတ်(ခ)မောင်လပြည့်မိသားစုက နွားမ လတ်တစ်ကောင်နှင့် ဆိတ်နှစ်ကောင် ကာလတန်ဖိုး ငွေကျပ်ခုနစ်သိန်းရှစ်သောင်းနှင့်အတူ တိရစ္ဆာန်အစာငွေကျပ် ငါးသောင်းတို့ကို ယမန်နေ့က အဘယဒါနအဖြစ်ပေးလှူရာ အသင်းဥက္ကဋ္ဌကိုယ်စား ကော်မတီဝင် ဦးယုတင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေးမြို့နေ အလှူရှင် ဦးသိန်းအောင်က နွားစာ အလှူငွေကျပ် တစ်သိန်းသုံးသောင်း၊ မန္တလေးမြို့နေ အလှူရှင် သမီးလေး Rich မွေးနေ့အဖြစ် အစာဖိုးငွေကျပ် တစ်သိန်း၊ မန္တလေးမြို့နေ အလှူရှင် ဦးချစ်ထွန်း+ဒေါ်အေးအေးမာ၊ (သား)မောင်အောင်ကျော်သူထွန်းမိသားစုက အစာဖိုးငွေကျပ် ငါးသောင်း၊ မန္တလေးမြို့ ပန်းဆိုးတန်းရပ်နေ အလှူရှင် ဦးဝင်းမောင်+ဒေါ်စိုးစိုး (သား)မောင်အောင်ဖြိုးကျော်သူထွန်းမိသားစုက အစာဖိုးငွေကျပ် ငါးသောင်း၊ မန္တလေးမြို့နေ အလှူရှင် ဒေါ်မြမြဝင်း မွေးနေ့အစာဖိုးငွေကျပ် ငါးသောင်း အသီးသီး ပေးလှူကြကြောင်း သိရသည်။

(အပေါ်ပုံ)

(ကဆ)

| အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၂၅)အနိုင်၊ အရှုံး (NGB) | | | | |
|---|---|---|---|---|
| ပလိုင်းမောက် | ၂ | - | ၂ | ဘာရ်စ္စတိုး |
| QPR | ၃ | - | ၁ | ဝက်စ်ဖို့ဒ် |
| မီဝေါလ် | ၀ | - | ၁ | အောက်စ်ဖို့ဒ် |
| ဘန်လေ | ၀ | - | ၀ | စတုတ် |
| ကာဒစ်ဖ် | ၁ | - | ၁ | ကိုဗင်ထရီ |
| လီဒ်စ် | ၁ | - | ၁ | ဘလက်ဘန်း |
| လူတန်တောင်း | ၀ | - | ၁ | နော့ဝစ်ချ် |

## ပြည်သူ့စစ်မှုထမ်းသင်တန်းသားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပ

ပုဗ္ဗသီရိ ဇန်နဝါရီ ၁

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၀ နာရီက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၉/၂၀၂၄)အတွက် ပြည်သူ့စစ်မှုထမ်းသင်တန်းသားစေလွှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားတွင် ဇေယျာသီရိခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီး ဇေယျာမင်း၊ ဒုတိယရဲမှူးကြီးမောင်မောင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး ဦးဇော်မြင့်၊ ဦးပြည့်ဖြိုးအောင်၊ အတွင်းရေးမှူး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်နွယ်နီခိုင်၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိန်ကြည်နှင့်အဖွဲ့ဝင်များ၊ ဇေယျာသီရိမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်နှင့်အဖွဲ့ဝင်များ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ခဲ့သည်။



(ဝဲပုံ)

အခမ်းအနားတွင် ဇေယျာသီရိခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောနိုင်က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်မှူးကြီးဇေယျာမင်း၊ ဒုတိယရဲမှူးကြီး မောင်မောင်ဦး၊ လဝကဦးစီးမှူး ဦးဇော်မြင့်တို့မှ ပြည်သူ့စစ်မှုထမ်းဥပဒေတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးခြင်း၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌဦးစိန်ကြည်မှ ဆွေးနွေးပြောကြားခဲ့သည်။

ဇေယျာသီရိမြို့နယ် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်က ဆွေးနွေးတင်ပြခြင်း တက်ရောက်လာသည့် ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ သိရှိလိုသည်များမေးမြန်းခဲ့ရာ ဥက္ကဋ္ဌဦးစောနိုင်နှင့် အဖွဲ့ဝင်များမှ ပြန်လည်ဖြေကြားပေးခြင်း၊ ဇေယျာသီရိခရိုင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီးတွင် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကား

ညောင်ဦး ဇန်နဝါရီ ၁

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ၊ ညောင်ဦးမြို့နယ် ပုဂံမြို့ရှိ လောကနန္ဒာစွယ်တော်မြတ်စေတီတော်ကြီး ပရိဝုဏ်တွင် ဒီဇင်ဘာ ၃၁ ရက်က ၂၀၂၅ ခုနှစ်၊ နှစ်သစ်ကိုကြိုဆိုသောအားဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပုဂံညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် နှစ်စဉ်ဒီဇင်ဘာ ၃၁ ရက်ရောက်တိုင်း ဒေသတွင်းရှိ စေတနာ အလှူရှင်များနှင့် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များက နှစ်သစ်ကိုကြိုဆိုကာ စားသောက်ဖွယ်ရာများဖြင့် စတုဒိသာကျွေးမွေးလှူဒါန်းခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ပြီး ကုသိုလ်ဘာဝနာပွားများအားထုတ်ခြင်း၊ ဝေနေယျသတ္တဝါများကို ဘေးအန္တရာယ်များကင်းဝေးစေရန် ဆုတောင်းမေတ္တာပို့သခြင်း၊ ဝင်ငွေနည်းအိမ်ထောင်စုများကို စားသောက်ရေးအဆင်ပြေစေရန် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်းခြင်း စသဖြင့် စေတနာထက်သန်စွာ အစဉ်အလာမပျက် နှစ်သစ်ကိုကြိုဆိုကြလေ့ရှိသည်။

ယမန်နေ့က ရန်ကုန်မြို့မှ အလှူရှင် ဦးစိန်ဝင်း+ဒေါ်ဆုစံအိမ် (Royal Cherry ပလတ်စတစ်စက်ရုံ) မိသားစုက ပုဂံမြို့ရှိ လောကနန္ဒာ စွယ်တော်မြတ်စေတီတော်ကြီးပရိဝုဏ်တွင် နှစ်သစ်ကို ကြိုဆိုသောအားဖြင့် လူဦးရေ ၁၀၀၀ အား မုန့်ဟင်းခါးစတုဒိသာ လာရောက်ကျွေးမွေးလှူဒါန်းခဲ့ရာ ဒေသခံပြည်သူများက တစ်ခဲနက်လာရောက်အားပေးသုံးဆောင်ခဲ့ကြသဖြင့် စည်ကားလျက်ရှိသည်။ အဆိုပါ စတုဒိသာကျွေးမွေးလှူဒါန်းရာတွင် ပုဂံမြို့ရတနာ ဘုံစံတောရ ဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ပရဟိတလူငယ်များက လိုအပ်သည်များကို လုပ်အားဒါနပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည်။

ထို့အပြင် ပုဂံညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်တန်ခိုးကြီးဘုရားများနှင့် နေရာစုံအနှံ့ ဘုရားစေတီပုထိုးများတွင် နှစ်သစ်ကိုကြိုဆို၍ ရပ်ဝေး၊ ရပ်နီးမှ ဘုရားဖူးလာရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၄၄၅)



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုး ရောင်းချပေးမည်

နေပြည်တော် ဇန်နဝါရီ ၁

(၇၇) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းသည် "(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်" ၂၀၀ ကျပ်တန် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် သုံးမျိုးအား ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း ၆ ရက် (စနေနေ့) နံနက် ၉ နာရီ ခွဲမှစတင်၍ နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်များတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက် (စနေနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများ ပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်









# ပလတ်စတစ်ကင်းစင်ရေးနှင့် စုပေါင်းအမှိုက်ကောက်ခြင်း ဆောင်ရွက်



**ညောင်ဦး ဇန်နဝါရီ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း သန့်ရှင်းသာယာလှပစေရေးနှင့် ပလတ်စတစ်ကင်းစင်နယ်မြေအဖြစ် သတ်မှတ်နိုင်ရေး စုပေါင်းအမှိုက်ကောက်ခြင်းနှင့် အမှိုက်ထည့်ရန် စက္ကူအိတ်များဖြန့်ဝေခြင်းနှင့် ပညာပေးလက်ကမ်းစာဖြန့်ဝေခြင်းကို ညောင်ဦး-ကျောက်ပန်းတောင်းသွားကားလမ်းမကြီး၊ တုရင်တောင်လမ်းခွဲမှစတင်၍ မြတ်နီးသူမြို့ဝင်ဂိတ်အထိ လမ်းဘေးဝဲ၊ ယာရှိ ပလတ်စတစ်အမှိုက်ကောက်ယူခြင်းကို ယမန်နေ့ နံနက် ၈ နာရီကစတင်ကာ ဆောင်ရွက်ခဲ့ကြသည်။

မန္တလေးတိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမင်းအောင်မြင့်စိုး၊ ညောင်ဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဦးကျော်မင်းညိုနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့တို့၏ ဦးဆောင်မှုဖြင့် ညောင်ဦးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ခနှင့် ဝန်ထမ်းများ သန့်ရှင်းရေးဝန်ထမ်းများ၊ ညောင်ဦးခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဝန်ထမ်းများ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပလတ်စတစ်ကင်းစင်စေရေး Bagan Plastic Campaign အသင်းသူ၊ အသင်းသားများ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲမှ ဝန်ထမ်းများ၊ ညောင်ဦးမြို့နယ်အတွင်းရှိ ဟိုတယ်၊ မိုတယ်၊ တည်းခိုခန်းများမှ ဝန်ထမ်းများ၊ Balloonsဝန်ထမ်းများ၊ ဧည့်လမ်းညွှန်အသင်းမှ အသင်းသား၊ အသင်းသူများ၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းမှ အသင်းသူ၊ အသင်းသားများဖြင့် စုပေါင်းပလတ်စတစ်ကောက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသည့် ကားများနှင့် ဈေးရောင်း၊ ဈေးဝယ်လာသည့်ကားများ၊ မော်တော်ဆိုင်ကယ်စီးနင်းသူများအား တို့ကမ္ဘာမြေသာယာဖို့ အမှိုက်စနစ်တကျစွန့်ပစ်စို့ စက္ကူအိတ်များဖြန့်ဝေခြင်း၊ ပလတ်စတစ်စနစ်တကျစွန့်ပစ်ရေး ပညာပေးလက်ကမ်းစာစောင်များ၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့် ကမ္ဘာမြေထိန်းသိမ်းခြင်း လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၁)**

၀-၀-၀-၀-၀

## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပ

**နတ်မောက် ဇန်နဝါရီ ၁**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဗဟိုဌာန( Community Centre )ခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲအချိန်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က ကျောင်းသား၊ ကျောင်းသူလူငယ်များ နေ့ကြီးရက်ကြီးများအား အစဉ်အောက်မေ့သတိရစေရန်၊ အသိပညာဗဟုသုတများတိုးပွားစေရန်၊ ဉာဏ်ရည်ဉာဏ်သွေးဖွံ့ဖြိုးစေရန် စာဖတ်စွမ်းရည်တိုးတက်စေရေး၊ နှုတ်မှုစွမ်းရည် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် မိမိရုံးရှိ ပြည်သူ့စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်ရည်ရွယ်၍ မြို့နယ်အဆင့်ပြိုင်ပွဲများ ကျင်းပပေးရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားပြီး ဒိုင်အဖွဲ့ဝင်တစ်ဦးက သတ်မှတ်ထားသည့် ပြိုင်ပွဲစည်းကမ်းများအား ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲဝင် မူလတန်းအဆင့်ကျောင်းသား၊ ကျောင်းသူများက မိမိကြိုက်နှစ်သက်သည့် ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဆုရရှိသူများအား ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်ပေးသွားမည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲသို့ နတ်မောက်မြို့နယ်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်း)၊ အခြေခံပညာအလယ်တန်းကျောင်း(တမာပင်)မှ မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**လှဝင်း**


**တင်ဒါခေါ်ယူခြင်း**

အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးအတွက် မြန်မာနိုင်ငံသား လုံခြုံရေး (၄) ဦးအား ငှားရမ်းခြင်းအတွက် အောက်ပါတင်ဒါအား တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

| အမည် | တင်ဒါ | တင်ဒါနောက်ဆုံးရက် |
|---|---|---|
| ၁။ | မြန်မာနိုင်ငံသား လုံခြုံရေး (၄)ဦးအား ငှားရမ်းခြင်း | ၀၃.၀၂.၂၀၂၅ (၁၇၃၀ နာရီ) |

၂။ စိတ်ဝင်စားသော အေဂျင်စီ/စီးပွားရေး လုပ်ငန်းများအား ကောင်စစ်ဝန်ချုပ်ရုံး၏ website www.cgimandalay.gov.in>Media Room> Tenders မှာ ဝင်ရောက်လေ့လာနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

**Tender Notice**

The Consulate General of India Mandalay invites bids for hiring of four (04) Local Security Guards as follows.

| S. No. | Tender | Last date of Tender |
|---|---|---|
| 1. | For hiring four (04) local Security Guards (LSGs) | 03.02.2025 (1730 hrs) |

2. Interested agencies/firms are requested to visit Consulate's website ww.cgimandalay.gov.in>Media Room >Tenders, for viewing the Notice Inviting Tender (NIT).



# အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ(၀ ဒသမ ၀၄၁၆)ဧက အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူများဟု အဆိုပြုသူများဖြစ်ကြသော ၁။ ဒေါ်ငွေငွေ(ခ)နှင်းအေး(ဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၀၁၆၀၀၉)၊ ၂။ဒေါ်ခင်ခင်ဆွေ(ဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၀၆၀၇၁၉)၊ ၃။ ဒေါ်အေးအေးချို(ဘ)ဦးမောင်မောင်(၉/မရတ(နိုင်)၀၆၀၇၁၈)နှင့် ၄။ ဒေါ်ရွှေရည်မင်း(ဘ)ဦးသိန်းမင်း(၉/မဟမ(နိုင်)၀၀၇၀၈၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| ဦးရဲဝင်း | ဦးပြည့်ကိုကို | ဒေါ်မြင့်မြင့်အေး | ဒေါ်ချောစု | ဒေါ်မဥ္ဇူမြင့် |
|---|---|---|---|---|
| (LL.B) | (LL.B) | (LL.M) | (LL.B) | (LL.B) |
| အထက်တန်းရှေ့နေ | တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

**အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇**



**မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၂၉)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၀ ဒသမ ၀၃၀၂)ဧက အကျယ်အဝန်းရှိသော ဦးကျော်ငြိမ်း အမည်ပေါက်ဘိုးဘပိုင်မြေကွက်နှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း**

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ(ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို (၂၇-၈-၂၀၂၄)ရက်စွဲပါ မန္တလေးမြို့တော်စာချုပ်စာတမ်း မှတ်ပုံတင်ဌာနမှူးရုံး၏ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ်(၃၂၇၁/၂၀၂၄)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးမြတ်ကိုကို(ဘ)ဦးကျော်ညွှန့်(၉/မနမ(နိုင်)၀၀၁၂၁၈)၊ (၂)ဒေါ်စန္ဒာလွင်(ဘ)ဦးငွေတင့်(၅/စကန(နိုင်)၀၁၉၂၇၆)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**

Office-**အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉လမ်းနှင့် ၂၀လမ်းကြား၊ မန္တလေးမြို့။**

**ဖုန်း ၀၂-၄၀၆၈၈၃၉၊ ၀၉-၂၀၀၆၀၂၉၊ ၀၉-၇၉၂၀၀၆၀၂၉၊ ၀၉-၆၉၂၀၀၆၀၂၉**

ladylawyer.khinninisoe@gmail.com

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီ စနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...

❖ ၎င်းတို့ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း ပန်းပွဲတော်သို့ အေးချမ်းပျော်ရွှင်စွာ လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိ



နှစ်သစ်ကူးရုံးပိတ်ရက်များတွင် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်ကို တွေ့ရစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)

ပြင်ဦးလွင် ဇန်နဝါရီ ၁

နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) ပန်းပွဲတော်သို့ အနယ်နယ်အရပ်ရပ်မှ အေးချမ်းပျော်ရွှင်စွာ လာရောက် အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

အဆိုပါ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းအား နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင် ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့်ခေတ်မီ 5D LED Digital မှန်တံတား၊ ခေတ်မီ ကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရ အလှဓာတ်ပုံရိုက်ကူးရန် နေရာများ၊ အဆင်မြင့်ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဒေသထွက်ပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာ စားသောက်ဆိုင်များအပြင် ဆင်လိမ္မာလေးများ၏ ဖျော်ဖြေမှုများ၊ ကိုယ်တိုင်ပါဝင်သီဆိုနိုင်သော Unplugged တေးဂီတ ဖျော်ဖြေရေးအစီအစဉ်များ စီစဉ်ထားရှိသည်။ စာမျက်နှာ ၁၃ သို့

## နည်းပြ ဂါရတ်ဆောက်ဂိတ် "ဆာ" ဘွဲ့ ချီးမြှင့်ဂုဏ်ပြုခြင်းခံရ

အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြဟောင်း ဂါရတ်ဆောက်ဂိတ်သည် နိုင်ငံတကာနှစ်သစ်ကူးညတွင် ဗြိတိန်ဘုရင် ချားလ်၏ ချီးမြှင့်ဂုဏ်ပြုမည့် သူရဲကောင်းစာရင်းတွင် ပါဝင်ခဲ့ပြီး 'ဆာ'ဘွဲ့ ချီးမြှင့်ဂုဏ်ပြုခြင်းခံခဲ့ရသည်။

အဆိုပါ နည်းပြသည် အင်္ဂလန်လက်ရွေးစင်အသင်းအား ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဗိုလ်လုပွဲအထိ ရောက်ရှိအောင် ပို့ဆောင်ပေးခဲ့ခြင်းကြောင့် ယခုလို 'ဆာ'ဘွဲ့ ချီးမြှင့်ခံခဲ့ရခြင်းဖြစ်သည်။

နည်းပြ ဂါရတ်ဆောက်ဂိတ်သည် အင်္ဂလန်လက်ရွေးစင်အသင်းအား ၂၀၁၈ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဆီမီးဖိုင်နယ်အဆင့်သို့ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့မှုကြောင့်လည်း ၂၀၁၈ခုနှစ် အကုန်တွင် Member Of the Most Excellent Order Of the British Empire (MBE) ဘွဲ့လည်း ချီးမြှင့်ခံရသလို၊ ယခုဘွဲ့သည် ဒုတိယမြောက်ချီးမြှင့်ခံရသည့် ဘွဲ့ဖြစ်လာခဲ့သည်။

ထို့ကြောင့် နည်းပြ ဂါရတ်ဆောက်ဂိတ်သည် 'ဆာ'ဘွဲ့ ချီးမြှင့်ခံခဲ့ရမှုကြောင့် နာမည်ကျော်များ ဖြစ်သည့် ဆာဘော်ဘီရော့ဘ်ဆင်၊ ဆာအဲလက်စ်ဖာဂူဆန်တို့လို 'ဆာ'တပ်ပြီး ဆာဂါရတ်ဆောက်ဂိတ်ဟု အခေါ်ခံရတော့မည်ဖြစ်သည်။



(NGB)